MYANMAR GARMENT MANUFACTURERS ASSOCIATION

APRIL 2020, ISSUE

# NEWSLETTER

Monthly Newsletter of MGMA


| | |
|---|---|
| ရန်ကုန်တိုင်းဒေသကြီး၊ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ Face Mask-10000 လှူဒါန်းခြင်း | စာမျက်နှာ -၁ |
| ကုန်သည်စက်မှုအသင်းချုပ်မှအခြေခံလူတန်းစားများကို အစားအသောက်များ ထောက်ပံ့ပေးသော ရန်ပုံငွေသို့ပါဝင်လှူဒါန်းပေးခြင်း | စာမျက်နှာ -၁ |
| COVID-19 ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ ရန်ပုံငွေအတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှလှူဒါန်းခြင်း | စာမျက်နှာ -၁ |
| COVID-19 အကျပ်အတည်းကြားတွင် တာဝန်ယူမှုရှိသော ဝယ်ယူမှု အလေ့အကျင့်အတွက် ပူးပေါင်းစာထုတ်ပြန်ခြင်း | စာမျက်နှာ -၂ |
| အသင်းဝင်စက်ရုံများသို့တိုက်တွန်းနှိုးဆော်ချက် ထုတ်ပြန်ကြေညာခြင်း | စာမျက်နှာ -၄ |
| COVID-19ကာကွယ်၊ထိန်းချုပ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊အလုပ်ရုံ၊ လုပ်ငန်းခွင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့လမ်းညွှန်ချက် | စာမျက်နှာ -၄ |
| CoronavirusDisease2019(COVID-19) ကာကွယ်၊ထိန်းချုပ်ရေးနှင့် ပတ်သက်၍စက်ရုံ၊အလုပ်ရုံများ၊ လုပ်ငန်းခွင် များကို စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက် | စာမျက်နှာ -၅ |
| မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလျှော့ချကောက်ခံမည့်လျှောက်ထားလွှာ နှင့်ဝန်ဆောင်မှု နှုန်းထားများ | စာမျက်နှာ -၅ |
| မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ဝန်ဆောင်မှုနှုန်းထားများ လျှော့ချခြင်း | စာမျက်နှာ -၆ |
| မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှအသင်းဝင်စက်ရုံများသို့ သတင်းထုတ်ပြန်ချက် ထုတ်ပြန်ခြင်း | စာမျက်နှာ -၆ |
| လူမှုဖူလုံရေးအဖွဲ့မှထောက်ပံ့မည့်ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် (အမိန့်ကြော်ငြာစာအမှတ်၈၃/၂၀၂၀) | စာမျက်နှာ -၇ |
| UNOPS မှ စီမံခန့်ခွဲ၍ SMART Textile & Garments မှအကောင်အထည် ဖော်ဆောင်ရွက်သည့် ဥရောပသမဂ္ဂ၏ EU Myan Ku မြန်ကူ)ရန်ပုံငွေ | စာမျက်နှာ -၇,၈ |
| စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်မည့် ရက်တိုးမြှင့်ခြင်းအား အကြောင်းကြားခြင်း | စာမျက်နှာ -၈ |


## နောက်ဆက်တွဲ စာမျက်နှာများ

MEMBERSHIP DATA UPDATE

## ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ Face Mask-10000 လှူဒါန်းခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် Thong Thai Textile (Myanmar) Co.Ltd တို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ပြည်သူ့ဆေးရုံသို့ Face Mask-10000 လှူဒါန်းပွဲကို ဧပြီလ၊(၉)ရက်၊၂၀၂၀ တွင် ပြုလုပ်ခဲ့ပါသည်။ လှူဒါန်းခဲ့သော ပစ္စည်းများကို ထန်းတပင်မြို့နယ်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူးမှ လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ပါသည်။

## ကုန်သည်စက်မှုအသင်းချုပ်မှ အခြေခံလူတန်းစားများကို အစားအသောက်များထောက်ပံ့ပေးသော ရန်ပုံငွေသို့ ပါဝင်လှူဒါန်းပေးခြင်း

ဒေါ်ခိုင်ခိုင်နွယ်(မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း,MGMA)မှကုန်သည်စက်မှုအသင်းချုပ်မှ အခြေခံလူတန်းစားများကို အစားအသောက်များထောက်ပံ့ပေးရန်အတွက် ထူထောင်ထားသော ရန်ပုံငွေသို့ အလှူငွေကျပ် ၁၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ) ကိုပါဝင်လှူဒါန်းခဲ့ပြီး ကုန်သည်စက်မှုအသင်းချုပ်မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

## COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ရန်ပုံငွေအတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ လှူဒါန်းခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) မှ COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီရန်ပုံငွေအတွက် ၁၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ရာ) လှူဒါန်းခဲ့ပြီး CoronaVirusDisease2019(COVID19)ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီမှဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

## COVID-19 အကျပ်အတည်းကြားတွင် တာဝန်ယူမှုရှိသော ဝယ်ယူမှု အလေ့အကျင့်အတွက် ပူးပေါင်းစာထုတ်ပြန်ခြင်း

ဧပြီလ ၂၀၂၀

နိုင်ငံတကာတွင် မကြုံဖူးသော COVID-19 ဖြစ်ပေါ်နေသော အချိန်အတွင်းတွင် တကမ္ဘာလုံးအနေဖြင့် ပြန်လည်ရှင်သန် ရပ်တည်နိုင်ရန်အတွက် တာဝန်ယူမှုရှိသော ဝယ်ယူမှုဟာ အရင်ထက်ပိုမို အရေးကြီးလာပါသည်။ အထူးသဖြင့် ကမ္ဘာ့အထည်အလိပ်နှင့် အဝတ်အထည် ကုန်စည်ကွင်းဆက် များ၏ နာမည်ရှိသော ကုမ္ပဏီများ၊ လက်လီဖြန့်ချိသူများ၊ ကုန်သည်များ၏ တာဝန်ယူမှုရှိသော ဝယ်ယူမှုအလေ့အကျင့် များသည် သန်းပေါင်းများစွာသော လုပ်သားများ၏ အခြေခံအခွင့်အရေးများ နှင့် သူတို့ မိသားစု များ၏ အသက်မွေးမှု များကို အဆုံးတွင် ကြီးမားသော သက်ရောက်မှုကြီး ကျရောက်လာနိုင်ပါသည်။ ဒီအချိန် သည် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ အနေဖြင့် သူတို့၏ အလုပ်သမားအခွင့်အရေးများအတွက် ကတိကဝတ်များ၊ လူမှုရေးတာဝန်ယူမှုများ၊ ရေရှည်တည်တံ့ခိုင်မြဲသောထောက်ပံ့ရေးကွင်းဆက် တို့ကို ထိန်းသိမ်းပြီး လေးစားရမည့် အချိန်ဖြစ်ပါသည်။

ထို့အတွက်ကြောင့် နိုင်ငံတကာနာမည်ရှိသော ကုမ္ပဏီများ၊ လက်လီဖြန့်ချိသူများ၊ ကုန်သည်များ ကို ထုတ်ကုန်နှင့် ပို့ကုန်ပြုလုပ်နေကြသော နိုင်ငံခြောက်နိုင်ငံ အနက်မှ Sustainable Textile of Asian Region (STAR) တွင် လက်မှတ်ရေးထိုးထားသော အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်း စီးပွားရေးအဖွဲ့ ကိုးဖွဲ့မှ ပန်ကြားလိုသောအချက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

1. အရေးပါသော ဝယ်ယူမှု ဆုံးဖြတ်ချိန်တွင် အလုပ်သမားများထံသို့ ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများ နှင့် ကုန်စည်ကွင်းဆက်အတွင်း မှ သေးငယ်သောစီးပွားရေး လုပ်ငန်း များကို ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများ ကို ဂရုပြု၍ ဆုံးဖြတ်ရန်လိုအပ်ပါသည်။
2. ဝယ်ယူမှုစာချုပ်များ၏ စည်းကမ်းချက်များ၊ တာဝန်ဖြည့်ဆည်းမှုများ ကို လေးစားပြီး ဈေးနှုန်းများ (သို့) ငွေပေးချေမှု စည်းကမ်းချက်များကို ပြန်လည် ညှိနှိုင်းမှုများကို မလုပ်သင့်ပါ။
3. ထုတ်လုပ်ပီးထားသောကုန်စ္စည်းများ(သို့)ထုတ်လုပ်နေဆဲဖြစ်သောကုန်ပစ္စည်းများကိုဆိုင်းငံထာ းသောပိုဆောင်မှုများ၊သင်္ဘောနှင့်ပို့ကုန်များအတွက်တာဝန်ယူမှုရှိသောလက်တွေ့ အစီအစဉ်များ ချမှတ်ခြင်း၊ ထုတ်လုပ်နေဆဲဖြစ်သော အတည်ပြုထားသော အမှာစာများကို သဘောတူညီထားသည့် ငွေ များကို ပေးချေရမည့် ဖြစ်ပါသည်။

4. ထုတ်လုပ်မှုများ သို့မဟုတ် ပို့ဆောင်မှုများ ဆိုင်းငံ့ထားမှုများ သို့မဟုတ် ရပ်တန့်မှုများဖြစ်သွားလျှင် 100% FOB များကိုလည်း တူညီသောလျော်ကြေးများကို ကုန်ပစ္စည်းပေးသွင်းသူများကို ပေးဆောင်ရန် (သို့) ကုန်ပစ္စည်းပေးသွင်းသူများ၏ ဝန်ထမ်းများကို တိုက်ရိုက်လစာပေးဆောင်ခြင်းများ ပြုလုပ်ရန် ကမ်းလှမ်းခြင်းများ ပြုလုပ်ရပါမည်။
5. ကုန်ပစ္စည်းပေးသွင်းသူများ၏ နောက်ကျသော တင်ပို့မှုများ(သို့) သင်္ဘောနှင့် ပို့ကုန်များအတွက် တာဝန်ယူမှုမပေးရန် နှင့် နောက်ကျသောနေ့များအတွက် နောက်ကျလျော်ကြေးများ မတောင်းဆိုရန်။
6. ကုန်ပစ္စည်းပေးသွင်းသူများကို ထပ်တိုးကုန်ကျမှုများ၊ မြန်ဆန်သောအမှာများ (သို့) မလိုအပ်သောလည်ပတ်မှုများ၊စာရင်းစစ်ခြင်းများ စသော ထပ်တိုးဖိအားများ ထပ်၍မတိုးပေးရန်။
7. ဒေသခံအစုရှယ်ယာရှင်များနှင့် ပူးပေါင်း၍ ဒေသအခြေအနေနှင့် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများကို ဆောင်ရွက်သင့်ပါသည်။
8. အငြင်းပွားမှုများအတွက် သေချာစေသောအဖြေရရှိစေရန် တွေ့ဆုံဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အမြဲတမ်းဆောင်ရွက်ရန်။
9. စီးပွားရေး ပါတနာများကို ကုန်စည်ကွင်းဆက်များတွင် တက်နိုင်သလောက် ကူညီပံ့ပိုးမှုများ ပြုလုပ်ပြီး စီးပွားရေးဆက်နွယ်မှု၊ ထောက်ပံ့ရေးကွင်းဆက်စည်းလုံးမှု၊လူမှုရေးရေရှည်တည်တံ့မှု များ၏ ရေရှည် ဗျူဟာ များကိုရည်ရွယ်ထားပါသည်။

ကျွန်တော်တို့အနေဖြင့် ကျွန်တော်တို့၏စီးပွားရေးပါတနာများနှင့် တခြားရှယ်ယာရှင်များ၏ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု နှင့် ကူညီမှုများကို အသိအမှတ်ပြုပြီး ကျွန်တော်တို့အနေဖြင့် နိုင်ငံတကာမှတာဝန်ယူမှုရှိသော ဝယ်ယူသူများအားလုံးနှင့် ဒီအခြေအနေဆိုးကြီးကို ဖြတ်ကျော်ပြီး တောက်ပသောအနာဂတ်စီသို့ လျှောက်လှမ်းဖို့ရန် အဆင်သင့် ရှိနေပါသည်။

## အသင်းဝင်စက်ရုံများသို့ တိုက်တွန်းနှိုးဆော်ချက် ထုတ်ပြန်ကြေညာခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှအသင်းဝင်စက်ရုံများသို့တိုက်တွန်းနှိုးဆော်ချက်ကို ဧပြီလ(၁၈)ရက်နေ့ ၂၀၂၀ တွင်ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထုတ်ပြန်ချက်တွင် သင်္ကြန်ကာလပိတ်ရက်အပြီး အလုပ်ပြန်ဖွင့်မည့် စက်ရုံများအနေဖြင့် COVID–19 ကာကွယ်ထိန်းချုပ်ရေး အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင့်ပြန်လည်ဝင်ရောက်နိုင်ခြင်းမရှိသည့် အလုပ်သမားများအား ခွင့်တိုင်ကြားစေပြီး အလုပ်အကိုင်တည်မြဲမှုအာမခံချက်ပေးရန် တိုက်တွန်းနှိုးဆော်ခြင်း အစရှိသည့် တို့ပါဝင်ပါသည်။ **(နောက်ဆက်တွဲ အသေးစိတ် အကြောင်းအရာကို စာမျက်နှာ (၉) နှင့် (၁၀) တွင် ဆက်လက်ဖတ်နိုင်ပါသည်။)**

## COVID–19ကာကွယ်၊ထိန်းချုပ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊အလုပ်ရုံ၊လုပ်ငန်းခွင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်

COVID–19ကာကွယ်၊ထိန်းချုပ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊အလုပ်ရုံ၊လုပ်ငန်းခွင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်(Version3.0)ကို မြန်မာနိုင်ငံကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဧပြီလ ၁၉ ရက် ၂၀၂၀ တွင်ထုတ်ပြန်ကြေညာခဲ့ပါသည်။အဆိုပါ ကြေညာချက်တွင်အလုပ်ရှင်များအနေဖြင့်ပြုလုပ်နိုင်သောအချက်(၁၀)ချက်၊ အလုပ်သမားများအနေဖြင့် ပြုလုပ်နိုင်သော အချက်များ၊ အလုပ်သမားကြီးကြပ်ရေးမှူးများအနေဖြင့် ပြုလုပ်နိုင်သောအချက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များအနေဖြင့် ဂရုပြုသင့်သောအချက်များကို ဖော်ပြထားပါသည်။ **(Crd - MOHS)** **(နောက်ဆက်တွဲ အသေးစိတ် အကြောင်းအရာကို စာမျက်နှာ (၁၁) မှ (၂၂) အတွင်းတွင် ဆက်လက်ဖတ်နိုင်ပါသည်။)**

## CoronavirusDisease 2019(COVID–19) ကာကွယ်၊ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊အလုပ်ရုံများ၊ လုပ်ငန်းခွင်များကို စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်

မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ Coronavirus Disease 2019 (COVID–19) ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊အလုပ်ရုံများ၊ လုပ်ငန်းခွင်များကို စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက် များကို ဧပြီလ ၂၀ ရက်နေ့ ၂၀၂၀ တွင်ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထုတ်ပြန်ချက်တွင် စက်ရုံများအနေဖြင့် ပြန်လည်ဖွင့်နိုင်ရန် လိုအပ်သော အချက် (၁၀) ချက်ကို ထည့်သွင်းထားပါသည်။ **(Crd– MOLIP)**

**(နောက်ဆက်တွဲ အသေးစိတ် အကြောင်းအရာကို စာမျက်နှာ (၂၃) မှ (၂၇) အတွင်းတွင် ဆက်လက်ဖတ်နိုင်ပါသည်။**)

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလျှော့ချကောက်ခံမည့်လျှောက်ထားလွှာနှင့် ဝန်ဆောင်မှု နှုန်းထားများ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လျှောက်ထားလွှာနှင့် ဝန်ဆောင်မှုနှုန်းထားများကို ဧပြီလ ၂၀ ရက်နေ့ ၂၀၂၀ မှ စတင်လျှော့ချ ကောက်ခံခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ COVID–19 ကာလအတွင်းထုတ်လုပ်မှုများကုန်ကျစရိတ်နှင့်အသုံးစရိတ်များလျှော့ကျပြီးပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် ဖြစ်ပါသည်။ **(Crd– DICA)**

**(နောက်ဆက်တွဲ အသေးစိတ် အကြောင်းအရာကို စာမျက်နှာ (၂၈) မှ (၃၂) အတွင်းတွင် ဆက်လက်ဖတ်နိုင်ပါသည်။)**

## မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ဝန်ဆောင်မှုနှုန်းထားများ လျှော့ချခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ဝန်ဆောင်မှုနှုန်းထားများလျှော့ချကောက်ခံခြင်းကို ဧပြီလ ၂၃ ရက် ၂၀၂၀ တွင် အသိပေးအကြောင်းကြားခဲ့ပါသည်။ COVID–19 ကာလအတွင်း အသုံးစရိတ်များလျှော့နည်းသက်သာပြီးလုပ်ငန်းများအဆင်ပြေစေရန်အတွက် ၂၄.၄.၂၀၂၀(သောကြာနေ့) မှ ၃၀.၆.၂၀၂၀(အင်္ဂါနေ့) ကာလအထိသာ ဝန်ဆောင်မှုနှုန်းထားများကို လျှော့ချခြင်းဖြစ်ပါသည်။

**(နောက်ဆက်တွဲ အသေးစိတ် အကြောင်းအရာကို စာမျက်နှာ (၃၃) တွင် ဆက်လက်ဖတ်နိုင်ပါသည်။)**

## မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှအသင်းဝင်စက်ရုံများသို့ သတင်းထုတ်ပြန်ချက် ထုတ်ပြန်ခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်စက်ရုံများမှဝန်ထမ်းများ လုပ်ငန်းခွင်တွင် COVID–19 ကာကွယ်၊ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန် အထောက်အကူပြု မိုဘိုင်းလ် အပလီကေးရှင်းကို ထည့်သွင်းအသုံးပြုရန် တိုက်တွန်းနှိုးဆော်ချက်ကို ဧပြီလ ၂၆ ရက် ၂၀၂၀ တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ တိုက်တွန်းနှိုးဆော်ချက်အပြင် 'စောစောရှာ' အပလီကေးရှင်း အသုံးပြုနည်းကိုပါ ထုတ်ပြန်ကြေညာခဲ့ပါသည်။

**(နောက်ဆက်တွဲ အသေးစိတ် အကြောင်းအရာကို စာမျက်နှာ (၃၄) မှ (၃၆) အတွင်းတွင် ဆက်လက်ဖတ်နိုင်ပါသည်။)**

## လူမှုဖူလုံရေးအဖွဲ့မှထောက်ပံမည့်ထောက်ပံကူညီမှုအကျိုးခံစားခွင့်(အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၂၀)

မြန်မာနိုင်ငံအလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မှ လူမှုရေးအဖွဲ့မှထောက်ပံမည့် ထောက်ပံကူညီမှုအကျိုးခံစားခွင့် နှင့်ပတ်သက်သည့် အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၂၀ ကို ဧပြီလ ၂၈ ရက် ၂၀၂၀ တွင်ထုတ်ပြန်ကြော်ငြာခဲ့ပါသည်။ အမိန့်ကြော်ငြာစာတွင် လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအတွက် ထောက်ပံကူညီမှုအကျိုးခံစားခွင့်ကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာသည့် နေမှစ၍ လျှောက်ထားနိုင်ကြောင်း ပါဝင်ပါသည်။**(Crd– MOLIP)**
**(နောက်ဆက်တွဲ အသေးစိတ် အကြောင်းအရာကို စာမျက်နှာ (၃၇) တွင် ဆက်လက်ဖတ်နိုင်ပါသည်။)**

## UNOPS မှ စီမံခန့်ခွဲ၍ SMART Textile & Garments မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ဥရောပသမဂ္ဂ၏ EU Myan Ku (မြန်ကူ) ရန်ပုံငွေ

COVID–19 ၏ နောက်ဆက်တွဲ စီးပွားရေး အကျိုးသက်ရောက်မှုကြောင့် ဆိုင်းငံထားခြင်း (သို့) ရပ်ဆိုင်းခြင်း ခံရသော အထည်ချုပ်၊ ဖိနပ် နှင့် အိတ်စက်ရုံ လုပ်ငန်းများမှ စက်ရုံအလုပ်သမားများ အတွက် ထောက်ပံကူညီရန် အတွက် UNOPS မှ စီမံခန့်ခွဲ၍ SMART Textile & Garments မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ဥရောပသမဂ္ဂ၏ EU Myan Ku (မြန်ကူ) ရန်ပုံငွေကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ရန်ပုံငွေသည် သတ်မှတ်ချက်များနှင့် ပြည့်မီသည့် စံနှုန်းများကို လေ့လာဖတ်ရှုပြီး မည်သည့်အလုပ်သမားသည် မည်သည့်သတ်မှတ်ချက်နှင့် ကိုက်ညီရန်လိုအပ်သည် ကိုတွေ့ရှိနိုင်ပါသည်။**(Crd– SMART Myanmar)**
**(နောက်ဆက်တွဲ အသေးစိတ် အကြောင်းအရာကို စာမျက်နှာ (၃၈) မှ (၄၂) အတွင်းတွင် ဆက်လက်ဖတ်နိုင်ပါသည်။)**

## စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်မည့် ရက်တိုးမြှင့်ခြင်းအား အကြောင်းကြားခြင်း

မြန်မာနိုင်ငံ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်မည့် ရက်တိုးမြှင့်ခြင်းအား အကြောင်းကြားခြင်း အမိန့်ကြေညာစာကို ဧပြီလ ၃၀ ရက် ၂၀၂၀ တွင်ထုတ်ပြန်ကြေညာခဲ့ပါသည်။ စက်ရုံများပြန်လည်ဖွင့်နိုင်ရန်စစ်ဆေးမှုနေ့ရက်ကို၁၅.၅.၂၀၂၀ထိထပ်မံတိုးမြှင့်လိုက်ကြောင်း ကြေညာခြင်း ဖြစ်ပါသည်။

**(နောက်ဆက်တွဲ အသေးစိတ် အကြောင်းအရာကို စာမျက်နှာ (၄၃) နှင့် (၄၄) တွင် ဆက်လက်ဖတ်နိုင်ပါသည်။)**

**MYANMAR GARMENT MANUFACTURERS ASSOCIATION**
**မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း**
9th Floor, UMFCCI, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon.
Tel: +95 1 2314829, 2300253, Email: mgma@myanmargarments.org, Website: www.myanmargarments.org

# အသင်းဝင်စက်ရုံများသို့ တိုက်တွန်းနှိုးဆော်ချက်

၂၀၂၀ ခုနှစ်၊ ဧပြီလ (၁၈) ရက်။

အကြောင်းအရာ။ ။သင်္ကြန်ကာလပိတ်ရက်အပြီး အလုပ်ပြန်ဖွင့်မည့် စက်ရုံများအနေဖြင့် COVID-19 ကာကွယ်ထိန်းချုပ်ရေး အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ခြင်းမရှိသည့် အလုပ်သမားများအား ခွင့်တိုင်ကြားစေပြီး အလုပ်အကိုင်တည်မြဲမှုအာမခံချက်ပေးရန် တိုက်တွန်းနှိုးဆော်ခြင်း။

၁။ လတ်တလောကာလဖြစ်ပွားလျက်ရှိသော COVID-19 ကမ္ဘာ့ကူးစက်ကပ်ရောဂါ ပျံ့ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၀၂-၀၄-၂၀၂၀ ရက်စွဲပါစာကို ထုတ်ပြန်၍ သင်္ကြန်ကာလပိတ်ရက်ဖြစ်သည့် ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှ ၁၉ ရက်နေ့အထိ မိမိနေအိမ်၌ (Home Stay) နေထိုင်ခြင်းဖြင့် အသွားအလာကန့်သတ်ခြင်းအစီအစဉ်ကို ပူးပေါင်းပါဝင်ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ရန် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သက်ဆိုင်ရာ ခရိုင်/မြို့နယ် အဆင့် လုပ်ငန်းကော်မတီများသို့ အကြောင်းကြားခဲ့ပါသည်။

၂။ ထို့ပြင် ဧပြီလ ၁၆ ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမိန့်အမှတ် ၃၇/၂၀၂၀ ကို ထုတ်ပြန်၍ "ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းခွင်သို့ သွားရောက်ခြင်း၊ လုပ်ငန်းခွင်မှ ပြန်ခြင်း" ဟူသော အချက်အပါအဝင် အခြားအချက် (၉) ချက်မှအပ လူ (၅) ဦးဖြစ်စေ၊ လူ (၅) ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုကြရန်ကန့်သတ်ထားပြီးဖြစ်ပါသည်။ ယင်းအမိန့်စာတွင် "COVID-19 နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်" ဟုလည်း ဖော်ပြပါရှိပါသည်။

၃။ ထိုသို့ဖြစ်ပေါ်တိုးတက်လျက်ရှိသော အကြောင်းအရာများနှင့်အညီ COVID-19 ကူးစက်ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် စီးပွားရေးထိခိုက်မှုနှင့် အလုပ်အကိုင်ဆုံးရှုံးမှု လျော့ပါးသက်သာစေရေးအတွက် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် -

- မြန်မာနိုင်ငံ တရုတ် အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းရှင်များ အသင်း
  China Textile & Garment Association In Myanmar (CTGAIM)

**MYANMAR GARMENT MANUFACTURERS ASSOCIATION**
**မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း**
9th Floor, UMFCCI, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon.
Tel: +95 1 2314829, 2300253, Email: mgma@myanmargarments.org, Website: www.myanmargarments.org

- မြန်မာနိုင်ငံ ကိုရီးယား အထည်ချုပ်လုပ်ငန်းရှင်များ အသင်း
  Korea Garment Association In Myanmar (KOGAM)
- မြန်မာနိုင်ငံရှိ ဂျပန် အထည်ချုပ်လုပ်ငန်းရှင်များ အုပ်စု
  Group of Japan Garment Manufacturers in Myanmar

တို့နှင့် ပူးတွဲ၍ မိမိအသင်းဝင်စက်ရုံ လုပ်ငန်းရှင်များအား -

(က) COVID-19 ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်

(ခ) မိမိဒေသအခြေအနေကြောင့်ဖြစ်စေ၊ မိမိကိုယ်တိုင်အခြေအနေကြောင့်ဖြစ်စေ လုပ်ငန်းခွင်သို့ ပြန်လည်မဝင်ရောက်နိုင်သည့်အလုပ်သမားမှ သက်ဆိုင်ရာ အလုပ်ရုံ သို့မဟုတ် တာဝန်ခံလူကြီး တစ်ဦးဦးသို့ ဖုန်းဆက်ခြင်း၊ မက်ဆေ့ချ်ပို့ခြင်း၊ Viber မက်ဆေ့ချ်ပို့ခြင်း၊ အီးမေးလ်ပို့ခြင်း စသည့်နည်းလမ်းများဖြင့် ခွင့်တိုင်ကြားလျှင် ၂၀-၀၄-၂၀၂၀ မှ ၃၀-၀၄-၂၀၂၀ ရက်နေ့ကာလ အတွင်း  လုပ်ခလစာမဲ့ခွင့်ဖြင့် ခွင့်ပြုပြီး အလုပ်အကိုင်တည်မြဲမှုအတွက် အာမခံချက်ပေးရန်

တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း

CTGA MYANMAR

KOREA GARMENT ASSOCIATION IN MYANMAR

**Japanese Garment Manufacturers Myanmar**

**Coronavirus Disease 2019(COVID-19)**

**ကာကွယ်၊ထိန်းချုပ်ရေးနှင့်ပတ်သက်၍**

**စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်**

**(Version 3.0)**

**Updated as of (19-4-2020)**

၁။ နေအိမ်မှအလုပ်လုပ်ရန် ဖြစ်နိုင်သောအလုပ်သမားများကို နေအိမ်များမှသာ အလုပ်လုပ်စေရပါမည်။ (Work from Home)

၂။ နေအိမ်မှအလုပ်လုပ်ရန် မဖြစ်နိုင်သောလုပ်ငန်းခွင်များအတွက် Physical Distancing လမ်းညွှန်ကိုတိကျစွာလိုက်နာဆောင်ရွက်ရပါမည်။

- အလုပ်ခွင်တစ်ခုတွင် အလုပ်သမားတစ်ဦးနှင့်တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်စေရပါမည်။
- (၆)ပေတိကျသောအကွာအဝေးရှိစေရန် ကြမ်းပြင်ပေါ်တွင် အမှတ်အသား ပြုလုပ်ထားရပါမည်။
- အလုပ်သမားများကိုတတ်နိုင်သမျှ မျက်နှာချင်းဆိုင် အလုပ်မလုပ်စေဘဲ ဘေးတိုက်သာနေရာချထားပြီးအလုပ်လုပ်စေရပါမည်။
- မဖြစ်မနေမျက်နှာချင်းဆိုင် အလုပ်လုပ်ကိုင်ရမည်ဆိုပါကအများဆုံး (၁၅) မိနစ်ထက် မပိုစေရန် အထူးသတိပြုပေးပါ။
- အလုပ်သမားများကို အဆိုင်းများခွဲ၍ အလုပ်လုပ်စေပြီး အဆိုင်းတစ်ခုစီတွင် တူညီသော အလုပ်သမားများကိုသာ တာဝန်ချထားပေးရပါမည်။ (Cohorting)
- အလုပ်သမားများ အလုပ်တက်/ဆင်းချိန်နှင့် ထမင်းစားချိန်များတွင် အချိန်လွဲ၍ အလုပ်တက်/ဆင်းစေခြင်း၊ အဆိုင်းအလိုက် ထမင်းစားချိန် လွှဲပြောင်းပေးခြင်း တို့ဆောင်ရွက်ပေးပါ။

၃။ အလုပ်သမားများ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အထူးသတိပြုဆောင်ရွက်စေရပါမည်။ (Hygiene)

၄။ စက်ရုံ/ အလုပ်ရုံအတွင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အထူးဂရုပြုဆောင်ရွက်ပေးပါ။ (Cleanliness)

၅။ အလုပ်သမားများကို ပါးစပ်နှင့်နှာခေါင်းစည်းများနှင့် လက်အိတ်များ မဖြစ်မနေ ဝတ်ဆင်စေပါ။

၆။ အလုပ်သမားများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်စေပါ။ (Staff sickness advice)

၇။ အလုပ်သမားတစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် တွေ့ကြုံခဲ့ပါလျှင် ထိတွေ့မှုရှိသူ (Close Contact) အဖြစ် သတ်မှတ်ရပါမည်–

- COVID–19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ၃ ပေအကွာအဝေးအတွင်းတွင် ၁၅ မိနစ်ကျော် ကြာအောင် မျက်နှာချင်းဆိုင် အလုပ်လုပ်ခဲ့ဖူးသူ
- COVID–19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ခန္ဓာကိုယ်ချင်း ထိတွေ့မှုရှိခဲ့သူ
- COVID–19 ဓာတ်ခွဲအတည်ပြုလူနာနှင့် နီးကပ်သော ပတ်ဝန်းကျင် (ဥပမာ – အိပ်ခန်း၊ နားနေခန်း၊ ထမင်းစားခန်း၊ အစည်းအဝေးခန်း စသည်တို့) တွင် ၁၅ မိနစ်ကျော်ကြာအောင် ရှိနေခဲ့သူ
- COVID–19 ဓာတ်ခွဲအတည်ပြုလူနာနှင့် ၃ ပေအကွာအဝေးအတွင်း အရပ်လေး မျက်နှာတွင် အတူထိုင်၍ ဝန်ထမ်းကြို/ပို့ယာဉ် စီးနင်းခဲ့သူ (လူနာ၏ အပြုအမူ နှင့် လှုပ်ရှားမှုပေါ်မူတည်၍ ယာဉ်ပေါ်တွင် အတူတကွ စီးနင်းခဲ့သူများ အားလုံး လည်း ဖြစ်နိုင်ပါသည်)

၈။ အထက်ပါအခြေအနေတစ်ရပ်ရပ်နှင့်ကြုံတွေ့ခဲ့ပါလျှင် အဆိုပါအလုပ်သမား၏ ပထမ ဓာတ်ခွဲ အဖြေထုတ်ပြန်ခြင်းမရှိသေးသမျှ ကာလပတ်လုံး ၎င်းအလုပ်သမားနှင့် အတူတကွ အလုပ်လုပ်ကိုင်ခဲ့သူအလုပ်သမားများအားလုံးကို အလုပ်တွင်သော်လည်း ကောင်း၊ နေအိမ်တွင်သော်လည်းကောင်းအသွားအလာကန့်သတ်ရမည်။ အကယ်၍ အဆိုပါ အလုပ်သမားသည် ဓာတ်ခွဲအတည်ပြုလူနာဖြစ်ခဲ့ပါလျှင် အတူတကွ အလုပ် လုပ်ကိုင်ခဲ့သူအလုပ်သမားများအားလုံးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်နေရာတွင် စောင့်ကြည့်မှုခံယူစေရမည်။

၉။ လူမှုဖူလုံရေးအာမခံထားသောအလုပ်သမားများ၏ အကျိုးခံစားခွင့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ညွှန်ကြားချက်ဖြင့်အသွားအလာစောင့်ကြပ် ကြည့်ရှုခြင်းခံရသောကာလ၊ ရောဂါအခြေအနေအရစမ်းသပ်စစ်ဆေးမှုခံယူနေရ သောကာလ၊ ဆေးရုံတက်ရောက်ကုသနေရသောကာလဟူ၍အုပ်စုများ သတ်မှတ် ၍သော်လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက်သော်လည်းကောင်း ဆေးသက်သေခံလက်မှတ်များဖြင့် ခွင့်ခံစားနိုင်စေရန်နှင့် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ရရှိနိုင်စေရန် သက်ဆိုင်ရာလူမှုဖူလုံရေးဆေးခန်းများမှတစ်ဆင့် လျှောက်ထားနိုင်ကြရန် ဖြစ်ပါသည်။

## (က) အလုပ်ရှင်များအနေဖြင့်

၁။ အလုပ်သမားတစ်ဦးသည် အောက်ပါအချက်များအနက် တစ်ခုခုနှင့်ကိုက်ညီနေပါက အလုပ်ခွင်သို့မလာရောက်စေရန်ကြီးကြပ်ပေးရပါမည်–

- ဖျားခြင်း (အပူချိန် ၃၈˚ C/ ၁၀၀.၄˚ F နှင့်အထက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်းစသည့် သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊
- ကိုယ်ဝန်ဆောင်မိခင်ဖြစ်ခြင်း၊
- ကိုယ်ခံအားကျဆင်းစေသော ဆေးဝါးများဖြင့် ဆေးကုသမှုခံယူနေရသူများ (ဥပမာ – Immuno–suppressive drugs သောက်သုံးနေရခြင်း (သို့မဟုတ်) ကင်ဆာရောဂါကုထုံးများ ခံယူနေရခြင်း)၊
- (COVID–19)ဓာတ်ခွဲအတည်ပြုလူနာနှင့် လွန်ခဲ့သော (၁၄)ရက်အတွင်းထိတွေ့မှုရှိခဲ့ခြင်း၊
- (COVID–19)ရောဂါ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ခံရသူ၊ အသွားအလာကန့်သတ်ခြင်းခံရသူတို့နှင့် တစ်အိမ်တည်းတွင်အတူတကွနေထိုင်ခြင်း၊

**မှတ်ချက်။** အသက် (၅၀) နှစ်နှင့်အထက် မကူးစက်တတ်သောရောဂါများ ခံစားနေရသူများ (ဥပမာ – သွေးတိုးရောဂါ (သို့မဟုတ်) ၁၀နှစ်နှင့်အထက် ဆီးချိုသွေးချိုရောဂါ (သို့မဟုတ်) ဆေးဝါးကုသမှုခံယူသော်လည်း ရောဂါမထိန်းချုပ်နိုင်သော ဆီးချိုသွေးချိုရောဂါ)ကိုမူ ဆေးဝါးကုသမှုခံယူစေရန်နှင့် အခြားအလုပ်သမားများနှင့် ရောနှော အလုပ်လုပ်ကိုင်စေခြင်းမပြုဘဲ ရောဂါကူးစက်နိုင်ခြေ လျော့နည်းသည့် လုပ်ငန်းခွင် များတွင်သာ တာဝန်ချထားပေးရန်ဖြစ်ပါသည်။

၂။ အလုပ်သမားများအားအလုပ်တက်/ဆင်းပြုလုပ်ရန်အတွက် ဝန်ထမ်းကြို/ပို့ယာဉ်များကို Physical Distancing နှင့်အညီ စီစဉ်ဆောင်ရွက်ပေးပါ။ အဆိုပါ ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် လက်သန့်စင်ဆေးရည်၊ တစ်ခါသုံးတစ်ရှူး၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)များထားရှိပေးပါ။ လမ်းခရီးတွင် ကျန်းမာရေးအသိပညာပေး အချက်အလက်များကို ရုပ်/သံဖြင့် ပြသခြင်း(သို့မဟုတ်)အသံဖိုင်ဖြင့် ပြောကြားပေး ခြင်းများ ဆောင်ရွက်ပေးပါ။

၃။ လုပ်ငန်းခွင်တွင် အလုပ်သမားများကို ပါးစပ်နှင့်နှာခေါင်းစည်းများနှင့် လက်အိတ်များ မဖြစ်မနေ ဝတ်ဆင်စေရန် ကြပ်မတ်ဆောင်ရွက်ပေးပါ။

၄။ လုပ်ငန်းခွင် ဝင်/ထွက်ပေါက်များတွင်

- အလုပ်တက်/ဆင်းချိန်များ၌ လူစုလူဝေးမဖြစ်ပေါ်စေရန် အလုပ်ဌာနအလိုက် အလုပ်တက်/ဆင်းစေရန် အချိန်များကို တတ်နိုင်သမျှ ခွဲခြားသတ်မှတ်ပေးပါ။
- ကိုယ်အပူချိန်တိုင်းတာသည့်စက်များ (Non–Touch Thermometer) (သို့မဟုတ်) (Thermal Scanner)တပ်ဆင်ပေးပြီး ဝန်ထမ်းများအားလုံး ကိုယ်အပူချိန် တိုင်းတာစစ်ဆေးပြီးမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက် ခွင့်ပြုပါ။ ထိုသို့ တိုင်းတာရာတွင် ကိုယ်အပူချိန် ၃၈˙C/၁၀၀.၄˙ F ထက်ကျော်လွန် နေပါက ဝင်ရောက်ခြင်းမပြုစေဘဲ နီးစပ်ရာလူမှုဖူလုံရေးဆေးခန်း (သို့မဟုတ်) မြို့နယ်ကျန်းမာရေးဌာနတို့သို့ ဖုန်းဖြင့် ကြိုတင်အကြောင်းကြား ဆက်သွယ်ပြီး အမြန်ဆုံး ဆေးကုသမှုခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါ။
- ကိုယ်အပူချိန် တိုင်းတာစစ်ဆေးပေးသည့် ဝန်ထမ်းများကိုပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ လက်အိတ် (Glove)၊ ခန္ဓာကိုယ်အကာအကွယ်ဝတ်စုံ (Apron)၊ မျက်နှာအကာ (Face Shield) တို့ကို မဖြစ်မနေဝတ်ဆင်နိုင်ရန် ဆောင်ရွက်ပေးပါ။
- အလုပ်တက်/ဆင်းသည့် ဝင်ပေါက်/ထွက်ပေါက်များတွင်လူစုလူဝေးမဖြစ်ပေါ် စေရန် တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာမှ ခွာ၍ အဝင်အထွက် ပြုလုပ်နိုင်ရန် စီစဉ်ပေးပါ။ ထိုသို့ဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း ကြိုတင်အကြောင်း ကြားထားပေးပါ။
- အလုပ်သမားများအလုပ်တက်ရောက်ခြင်းရှိ/မရှိဆန်းစစ်ရာ၌ ဝင်ပေါက်နေရာ တွင် ကြီးကြပ်ရေးမှူးများအား တာဝန်ချထားပြီး ကြီးကြပ်ဆောင်ရွက်ပါ။ (စာရွက်ပေါ်တွင် စုရုံးလက်မှတ်ထိုးခြင်း၊ Fingerprint scanners ဖြင့် ရုံးတက်/မတက် ဆန်းစစ်ခြင်းတို့ကိုရှောင်ကြဉ်ပါရန်)။
- ကုန်တင်ကုန်ချ ပြုလုပ်မည့်ကားများအတွက် ယာဉ်မောင်းများကို ယာဉ်ပေါ် ၌သာနေစေပြီးကုန်တင်ကုန်ချ ပြုလုပ်မည့်လုပ်သားများနှင့် အနီးကပ် နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါရန်၊ ကုန်တင်ကုန်ချ မပြုလုပ်မီ၊ ပြုလုပ်ဆဲနှင့် ပြုလုပ်ပြီးအချိန်များတွင် လုပ်သားများအနေဖြင့် လက်ကို အနည်းဆုံးစက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျဆေးရန် ပြောကြားပေးပါ။

- စက်ရုံ/အလုပ်ရုံသို့ နေ့စဉ်တက်/ဆင်းသောအလုပ်သမားများ၏ ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်များကိုလိုအပ်ပါကအချိန်မရွေးဆက်သွယ်နိုင်ရန် အဆင်သင့် ပြုစုထားပါ။

၅။ လက်ဆေးမည့်နေရာများ လုံလောက်စွာ စီစဉ်ဆောင်ရွက်ပေးရန်နှင့် လက်ဆေးသည့် နေရာတိုင်းတွင်

- အလုပ်သမားများအား အလုပ်စတင်ဝင်ချိန်၊ အလုပ်မှထွက်ခွာချိန်များတွင် အနည်းဆုံးစက္ကန့် (၂၀) ကြာအောင် လက်ဆေးစေရန် ကြီးကြပ်ဆောင်ရွက်ပါ။
- အလုပ်သမားများ စနစ်တကျလက်ဆေးမှုကို အထောက်အကူပြုစေရန် လိုအပ်သောထောက်ပံ့မှုများ (ဆပ်ပြာ၊ ရေ၊ လက်သန့်စင်ဆေးရည်စသည်) တို့ကိုအလုံအလောက် ရရှိစေရေးဆောင်ရွက်ပေးပါ။
- ဝန်ထမ်းများ လက်ဆေးရာနေရာတိုင်းတွင် စနစ်တကျလက်ဆေးနည်းပိုစတာများကိုကပ်ထားပေးပြီး စနစ်တကျလက်ဆေးခြင်းရှိ/မရှိ ကြီးကြပ်ဆောင်ရွက်ပါ။
- လက်ဆေးပြီးလက်အခြောက်ခံရန်အတွက် လိုအပ်သောပစ္စည်းများ (ဥပမာ-တစ်ရှူးစက္ကူများ)ထားရှိပေးပါ။

၆။ အိမ်သာအသုံးပြုခြင်းကိစ္စရပ်များတွင်

- အိမ်သာအသုံးပြုရန်အတွက် အလုပ်သမားအများအပြားစောင့်ဆိုင်းရခြင်း မရှိစေရန် စီစဉ်ဆောင်ရွက်ပေးပါ။
- အိမ်သာတံခါး၊ လက်ကိုင်၊ ရေဆွဲချသောလက်ကိုင်များ/ခလုတ်များကိုမကြာခဏသန့်ရှင်းရေးပြုလုပ်ရန် ကြပ်မတ်ဆောင်ရွက်ပေးပါ။
- အိမ်သာထဲတွင် အမှိုက်ပုံးများကိုအလုံအလောက် ထားရှိပေးရန်နှင့် မကြာခဏအမှိုက်သိမ်းဆည်းခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်းတို့အတွက် စီစဉ်ဆောင်ရွက်ပေးပါ။ ရေဆိုးစွန့်ထုတ်ခြင်းစနစ်နှင့် မိလ္လာစနစ်တွင် ယိုစိမ့်မှုများမရှိစေရေးဆောင်ရွက်ပေးပါ။

၇။ ထမင်းစားခြင်းနှင့် နားနေခြင်းကိစ္စရပ်များတွင်

- ဖြစ်နိုင်ပါက အလုပ်သမားများ မိမိတို့အိမ်မှ ပြင်ဆင်ချက်ပြုတ်လာသောထမင်းဘူးများ၊ ရေဘူးများ ယူဆောင် စားသုံးခြင်းကိုအားပေးပါ။
- စက်ရုံ/အလုပ်ရုံမှ အစားအသောက် ပြင်ဆင်ချက်ပြုတ်ပေးပါက စားဖိုဆောင်ဝန်ထမ်းများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ၎င်းတို့၏ကျန်းမာရေးဆိုင်ရာ

ကိစ္စရပ်များ(ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်းစသည်တို့)အတွက် အထူးသတိပြုကြပ်မတ်ဆောင်ရွက်ပေးပါ။

- ထမင်းစားခန်းနှင့် နားနေခန်းများတွင် အလုပ်သမားတစ်ဦးနှင့်တစ်ဦး(၆)ပေအကွာခွာ၍အနားယူစားသောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါ။
- ထမင်းစားခန်း၊ နားနေခန်းသို့ မဝင်မီနှင့် အစားအစာမစားသောက်မီ အလုပ်သမားများကိုစက္ကန့်(၂၀) ကြာအောင် ဆပ်ပြာနှင့်ရေ (သို့မဟုတ်) Hand Sanitizer အသုံးပြု၍ စနစ်တကျ လက်ဆေးရန် ကြီးကြပ် ဆောင်ရွက်ပေးပါ။
- ထမင်းစားခန်းရှိစားပွဲမျက်နှာပြင်များ၊ လူအများထိတွေ့ရာနေရာများကို ဆပ်ပြာနှင့်ရေ (သို့မဟုတ်) အရက်ပြန် (Alcohol) ၇၀% ပါဝင်သောသန့်စင်ဆေးရည်ဖြင့် စနစ်တကျ ဆေးကြောသန့်စင်ပါ။
- ထမင်းစားခန်းမှအထွက်တွင် လက်ကိုစနစ်တကျ ဆေးကြောသန့်စင်စေရေး ကြီးကြပ်ဆောင်ရွက် ပေးပါ။

၈။ နီးကပ်စွာအလုပ်လုပ်ခြင်းမှရှောင်ကြဉ်နိုင်ရန်အတွက်

- တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာခွာ၍ အလုပ်လုပ်နိုင်ရန်နှင့် လုပ်ငန်းခွင်အတွင်း လူစုလူဝေးဖြင့်အလုပ်လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်နိုင်ရန် အထက်တွင် ဖော်ပြထားသော Physical Distancing လမ်းညွှန်ကို တိကျစွာ လိုက်နာဆောင်ရွက်စေပါ။
- တစ်ခါသုံး တစ်ကိုယ်ရေသုံးအကာအကွယ်ပစ္စည်းများကို အသုံးပြုပြီးပါက စနစ်တကျ စွန့်ပစ်ပါ။ တစ်ခါသုံးမဟုတ်သော တစ်ကိုယ်ရေသုံးအကာအကွယ်ပစ္စည်းများကို အသုံးပြုပြီးပါက သန့်ရှင်းရေးပြုလုပ်ရန်နှင့် အလုပ်သမားအချင်းချင်း မျှဝေအသုံးပြုခြင်းမရှိစေရေးကြီးကြပ်ဆောင်ရွက်ပေးပါ။
- ဓာတ်လှေကားအသုံးပြုခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်စေ၍ ရိုးရိုးလှေကားမှသာ အဆင်းအတက် ပြုလုပ်ရန်နှင့် ဓာတ်လှေကားဖြင့် မဖြစ်မနေ အဆင်းအတက် ပြုလုပ်ရမည်ဆိုပါက (၄)ယောက်ထက်ပို၍ မျက်နှာချင်းဆိုင်မစီးစေရန် ကြပ်မတ်ပေးပါ။
- လုပ်ငန်းခွင်များကို လေဝင်လေထွက် ကောင်းမွန်အောင် တတ်နိုင်သမျှ စီစဉ်ပေးပါ။ ဖြစ်နိုင်ပါက ပြတင်းပေါက်များ ဖွင့်ထားပေးပါ။

၉။ အစည်းအဝေးများ/ ပညာပေးလုပ်ငန်းများပြုလုပ်ရာတွင်

- ၀ လူစုလူဝေးဖြင့် အစည်းအဝေးများပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်နှင့်မဖြစ်မနေ ပြုလုပ်ရမည်ဆိုပါကတက်ရောက်သူများအားအနည်းဆုံး(၆)ပေအကွာခွာ၍ နေရာချထားပြီးလေဝင်လေထွက်ကောင်းသောနေရာများတွင်သာပြုလုပ်ပါ။
- ၀ စက်ရုံအလုပ်ရုံများတွင်လူစုလူဝေးပြုလုပ်၍ ကျန်းမာရေးအသိပညာပေးခြင်း ကိုမပြုလုပ်ရန်နှင့်ပိုစတာ၊လက်ကမ်းစာစောင်များကိုသက်ဆိုင်ရာ လုပ်ငန်းခွင် အလိုက်ဖြန့်ဝေပေးခြင်းဖြင့်သော်လည်းကောင်း၊ အသံဖိုင်များ အသုံးပြု၍ သက်ဆိုင်ရာလုပ်ငန်းခွင်အလိုက် နားဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် သော်လည်းကောင်း၊ဝန်ထမ်းများအချင်းချင်း (သို့မဟုတ်) ဝန်ထမ်းအုပ်စုငယ် များအကြား ကျန်းမာရေးအသိပညာမျှဝေခြင်းကို ဆောင်ရွက်ပေးပါ။
- ၀ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောအသိပေးချက်များ၊ သတိပေးချက် များနှင့် လမ်းညွှန်ချက်များကိုအသုံးပြု၍ လိုက်နာဆောင်ရွက်စေရေးအသိပေး ပြောကြားပါ။
- ၀ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောသတင်းအချက် အလက်များကိုကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ (သို့မဟုတ်) Facebook Page, (www.mohs.gov.mmနှင့် www.facebook.com/MinistryOfHealthAndSportsMyanmar) တို့တွင်ဝင်ရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ QR code scanning မှ တစ်ဆင့် ဝင်ရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်းသိရှိနိုင်ပါသည်။၎င်း စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ထားရှိသောသတင်းမှန် များနှင့် ဆောင်ရွက်ချက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထုတ်ပြန်ချက်များနှင့် ရောဂါကာကွယ်ရေးဆိုင်ရာသိကောင်းစရာများ၊ COVID-19 ကာကွယ်ရေး အသံလွှင့်ပြောကြားချက်အသံဖိုင်များ၊ ကျန်းမာရေးပညာပေးရေဒီယိုအသံလွှင့် ချက်များနှင့် သီချင်းများ၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အသုံးပြုခြင်း ဆိုင်ရာ အကြံပြုချက်များကိုကြည့်ရှုကိုးကားအသုံးပြုပါ။
- ၀ အလုပ်သမားများအကြား ကောလာဟလ သတင်းအမှားများ ပျံ့နှံ့မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးပါ။

၁၀။ ပိုးသတ်သန့်စင်ခြင်းကိစ္စရပ်များတွင်

- အလုပ်သမားများနေ့စဉ်အသုံးပြုသောပစ္စည်းကိရိယာများကို 70% Alcohol ဖြင့် မကြာခဏသန့်ရှင်းရေးပြုလုပ်ရန် ကြီးကြပ်ရပါမည်။ ဥပမာ-

  - အလုပ်သမားများအသုံးပြုသောစားပွဲအစရှိသည့် အသုံးဆောင်ပစ္စည်းများ၊
  - ရေပိုက်ခေါင်းများနှင့်ဆေးကြောသန့်စင်ရာတွင် အသုံးပြုသောပစ္စည်းများ၊
  - အိမ်သာရေဆွဲခလုတ်များ၊ အိမ်သာထိုင်ခုံများ၊
  - တံခါးလက်ကိုင်များ၊ လှေကားလက်ရန်းများ၊ ဝရံတာများ၊
  - စက်လှေကားလက်ရန်းများနှင့် ဓာတ်လှေကားခလုတ်များ၊
  - လုပ်ငန်းသုံးစက်ပစ္စည်းများ၊ ကိရိယာများ၊
  - ကွန်ပြူတာနှင့်ဆက်စပ်ပစ္စည်များ၊
  - မိတ္တူကူးစက်များအစရှိသောရုံးသုံးပစ္စည်းများ၊
- ကြမ်းခင်းနေရာများကို 0.1% Hypochlorite Solution (သို့မဟုတ်) ဆပ်ပြာ ရည်နှင့်ရေတို့ဖြင့် အလုပ်ဆိုင်းတစ်ချိန်နှင့် တစ်ချိန်အကြား (အလုပ်ဆိုင်းတစ်ချိန်ပြီးတိုင်းပြီးတိုင်း) တွင် စနစ်တကျ ပိုးသတ်သန့်စင်ပါ။
- အမှိုက်သိမ်းဆည်းမှုများကို မကြာခဏပြုလုပ်ပြီး နေ့စဉ် အချိန်မှန် စနစ်တကျ စွန့်ပစ်နိုင်ရန် ဆောင်ရွက်ပေးပါ။

## (ခ) အလုပ်သမားများအနေဖြင့်

- ရေနှင့်ဆပ်ပြာအသုံးပြု၍ အနည်းဆုံးစက္ကန့် (၂၀)ကြာအောင် မကြာခဏစနစ်တကျ လက်ဆေးပါ။ လက်မဆေးဘဲမျက်စိ၊ နှာခေါင်းနှင့်ပါးစပ်တို့ကိုမကိုင်တွယ်ပါနှင့်။ တစ်ကိုယ်ရေသန့်ရှင်းမှုဂရုပြုဆောင်ရွက်ပါ။ အာဟာရပြည့်ဝစွာစားသုံးပြီး ကောင်းစွာအိပ်စက်အနားယူပါ။
- ပါးစပ်နှင့်နှာခေါင်းစည်းများ မဖြစ်မနေတတ်ဆင်ပြီး အလုပ်လုပ်ရပါမည်။
- မိမိလုပ်ငန်းခွင်နှင့်နေအိမ်/အဆောင်တို့မှအပလူထူထပ်သောနေရာများသို့သွားရောက်ခြင်းကိုတတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- လုပ်ငန်းခွင်များတွင် မိမိတို့တာဝန်ကျရာအလုပ်ခွင်မှအပအခြားအလုပ်ခွင်များသို့ သွားရောက်လည်ပတ်ခြင်းကိုရှောင်ကြဉ်ပါ။
- (COVID-19)ဓာတ်ခွဲအတည်ပြုလူနာနှင့် လွန်ခဲ့သော (၁၄)ရက်အတွင်းထိတွေ့မှုရှိခဲ့ခြင်း၊ (COVID-19)ရောဂါ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ခံရသူ၊ အသွားအလာကန့်သတ်ခြင်းခံရသူတို့နှင့် တစ်အိမ်တည်းတွင်အတူတကွနေထိုင်ခြင်း များရှိပါက မိမိတို့နှင့်သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးများ နှင့် မြို့နယ်ကျန်းမာရေးဌာနတို့သို့ဖုန်းဖြင့် ကြိုတင်အကြောင်းကြား ဆက်သွယ်ပြီး ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များ အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ပါ။

- ဖျားခြင်း(အပူချိန် ၃၈° C / ၁၀၀.၄° F နှင့်အထက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်းစသည့် သံသယဖြစ်ဖွယ် လက္ခဏာများခံစားရပါက လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုဘဲ လူအများနှင့် ထိတွေ့မှုကိုလည်းတတ်နိုင်သမျှ ရှောင်ကြဉ်ပြီး နီးစပ်ရာ လူမှုဖူလုံရေးဆေးခန်း (သို့မဟုတ်) မြို့နယ်ကျန်းမာရေးဌာနတို့သို့ ဖုန်းဖြင့် ကြိုတင်အကြောင်းကြား ဆက်သွယ်ပြီး အမြန်ဆုံးကုသမှုခံယူကာ ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ပါ။
- အထက်ပါ သံသယဖြစ်ဖွယ်လက္ခဏာများခံစားရလျှင်သော်လည်းကောင်း၊ ဆေးကုသမှု ခံယူနေရလျှင်သော်လည်းကောင်း မိမိတို့၏ ကြီးကြပ်သူများမှတစ်ဆင့် တာဝန်ရှိသူအဆင့်ဆင့်ထံသို့ သတင်းပို့ပါ။
- မိမိတို့ အလုပ်သမားများအကြား သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများကို သတိထားစောင့်ကြည့်ရန်နှင့် တွေ့ရှိပါက ကြီးကြပ်သူမှတစ်ဆင့် တာဝန်ရှိသူအဆင့်ဆင့်သို့ ချက်ချင်းသတင်းပို့ပါ။
- ဝန်ထမ်းကြိုပို့ယာဉ်များဖြင့်သာ တတ်နိုင်သမျှအလုပ်တက်/ဆင်းပြုလုပ်ရန်နှင့် အများသုံးယာဉ်များကိုဖြစ်နိုင်လျှင် အသုံးမပြုပါနှင့်။
- အလုပ်သမားများ၏အတူနေမိသားစုဝင်တစ်ဦးဦးသည် သံသယဖြစ်ဖွယ်လက္ခဏာများခံစားနေရပါကလည်း ကြီးကြပ်သူမှတစ်ဆင့် တာဝန်ရှိသူအဆင့်ဆင့်သို့ ချက်ချင်းသတင်းပို့ပါ။
- နားနေဆောင် (သို့မဟုတ်)နေအိမ်သို့ ပြန်လည်ရောက်ရှိပါက လုပ်ငန်းခွင်အတွင်း ဝတ်ဆင်ထားသော အဝတ်အစားများကိုချက်ချင်းလျှော်ဖွပ်ပြီးရေချိုးပါ။

## (ဂ) အလုပ်သမားကြီးကြပ်ရေးမှူးများအနေဖြင့်

- မိမိဌာနရှိ ဝန်ထမ်းများစနစ်တကျ လက်ဆေးတတ်စေရေး သရုပ်ပြသင်ကြားကြီးကြပ်ပေးပါ။
- လုပ်ငန်းခွင်၏ဝင်ပေါက်/ထွက်ပေါက်များတွင် ကိုယ်အပူချိန် တိုင်းတာသည့် စက်များအသုံးပြု၍ ဝန်ထမ်းများလုပ်ငန်းခွင် မဝင်မီဖျားနာခြင်းရှိ/မရှိစောင့်ကြည့်စစ်ဆေးပြီး သတ်မှတ်အပူချိန်ထက် မြင့်မားနေသူများကိုလုပ်ငန်းခွင်သို့ ဝင်ရောက်စေခြင်းမပြုဘဲ ဆေးကုသမှုခံယူနိုင်ရေးဆောင်ရွက်ပေးပါ။
- မိမိလုပ်ငန်းခွင်မှ အလုပ်သမားများအားလုံး၏ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်များကိုလိုအပ်ပါကချက်ချင်းဆက်သွယ်နိုင်ရန် အမြဲမပြတ် ပြုစုထားပါ။

- ○ မိမိလုပ်ငန်းခွင်မှ လူမှုဖူလုံရေးအကျိုးခံစားခွင့် ရရှိထားသောအလုပ်သမားများ၏ စာရင်းကိုစဉ်ဆက်မပြတ်သိရှိနေစေရန်နှင့် လိုအပ်ပါက ၎င်းတို့ကိုအချိန်နှင့်တပြေးညီ ဆက်သွယ်နိုင်ရန် လိပ်စာ၊ ဖုန်းနံပါတ်များရယူထားပါ။
- ○ မိမိဌာနမှဝန်ထမ်းများအကြားဖျားနာခြင်း၊ ဖျားနာသည့် ရောဂါရာဇဝင်ရှိခြင်းနှင့် သံသယဖြစ်ဖွယ် လက္ခဏာများရှိ/မရှိအမြဲမပြတ် စောင့်ကြည့်၍ သံသယလူနာ တွေ့ရှိပါကကျန်းမာရေးဌာနသို့ကြိုတင်ဖုန်းဆက်အကြောင်းကြား၍ ပို့ဆောင်ပေးပါ။
- ○ လုပ်ငန်းခွင်သို့ဧည့်သည်များမလိုအပ်ဘဲလာရောက်ခြင်းမရှိစေရန် ကြပ်မတ်ဆောင်ရွက်ပေးပါ။
- ○ လုပ်ငန်းခွင်များတွင် မိမိတို့တာဝန်ကျရာအလုပ်ခွင်မှအပအခြားအလုပ်ခွင်များသို့ သွားရောက်လည်ပတ်ခြင်း၊ မလိုအပ်သောနေရာများသို့ သွားရောက်ခြင်းတို့ မရှိစေရန် ကြပ်မတ်ဆောင်ရွက်ပေးပါ။
- ○ လုပ်ငန်းခွင်သို့လာရောက်သောအလုပ်သမားအရေအတွက်ကိုနေ့စဉ်မှတ်တမ်းတင်ထား ပါ။

## (ဃ) ဆောက်လုပ်ရေးလုပ်ငန်းခွင်များအနေဖြင့်

- **COVID-19** ကပ်ရောဂါကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည် ဆိုပါက အလုပ်ရှင်များအနေဖြင့် မိမိအလုပ်သမားများ ဖျားနာနေလျှင်သော်လည်းကောင်း၊ အလုပ်သမား မိသားစုဝင် တစ်ဦးအနေဖြင့် စောင့်ကြပ်ကြည့်ရှု၍ အသွားအလာကန့်သတ်ခံရခြင်း ရှိနေလျှင်သော်လည်းကောင်း အဆိုပါ အလုပ်သမားအား အလုပ်ခွင်သို့ လာရောက်ခြင်း မရှိစေရေးအတွက် အထူးဂရုပြုရန် လိုအပ်ပါသည်။
- အလုပ်ခွင်အတွင်း နေရာတစ်ခုစီတိုင်းတွင် အလုပ်သမားဦးရေ(၅၀)ထက် မကျော်အောင် စီစဉ်ဆောင်ရွက်ရပါမည်။
- လုပ်ငန်းခွင်သို့ လာရောက်သော အလုပ်သမား အရေအတွက်ကို နေ့စဉ်မှတ်တမ်းတင်ထားရပါမည်။
- အလုပ်လုပ်ကိုင်ရာတွင် **Physical distancing** လမ်းညွှန်ကို အတိအကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

○ မိမိလုပ်ငန်းခွင်မှ လူမှုဖူလုံရေးအကျိုးခံစားခွင့် ရရှိထားသောအလုပ်သမားများ၏ စာရင်းကိုစဉ်ဆက်မပြတ်သိရှိနေစေရန်နှင့် လိုအပ်ပါက ၎င်းတို့ကိုအချိန်နှင့်တပြေးညီ ဆက်သွယ်နိုင်ရန် လိပ်စာ၊ ဖုန်းနံပါတ်များရယူထားပါ။
○ မိမိဌာနမှဝန်ထမ်းများအကြားဖျားနာခြင်း၊ ဖျားနာသည့် ရောဂါရာဇဝင်ရှိခြင်းနှင့် သံသယဖြစ်ဖွယ် လက္ခဏာများရှိ/မရှိအမြဲမပြတ် စောင့်ကြည့်၍ သံသယလူနာ တွေ့ရှိပါကကျန်းမာရေးဌာနသို့ကြိုတင်ဖုန်းဆက်အကြောင်းကြား၍ ပို့ဆောင်ပေးပါ။
○ လုပ်ငန်းခွင်သို့ဧည့်သည်များမလိုအပ်ဘဲလာရောက်ခြင်းမရှိစေရန် ကြပ်မတ်ဆောင်ရွက်ပေးပါ။
○ လုပ်ငန်းခွင်များတွင် မိမိတို့တာဝန်ကျရာအလုပ်ခွင်မှအပအခြားအလုပ်ခွင်များသို့ သွားရောက်လည်ပတ်ခြင်း၊ မလိုအပ်သောနေရာများသို့ သွားရောက်ခြင်းတို့ မရှိစေရန် ကြပ်မတ်ဆောင်ရွက်ပေးပါ။
○ လုပ်ငန်းခွင်သို့လာရောက်သောအလုပ်သမားအရေအတွက်ကိုနေ့စဉ်မှတ်တမ်းတင်ထား ပါ။

## (ဃ) ဆောက်လုပ်ရေးလုပ်ငန်းခွင်များအနေဖြင့်

- COVID-19 ကပ်ရောဂါကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်မည် ဆိုပါက အလုပ်ရှင်များအနေဖြင့် မိမိအလုပ်သမားများ ဖျားနာနေ လျှင်သော်လည်းကောင်း၊ အလုပ်သမား မိသားစုဝင် တစ်ဦးအနေဖြင့် စောင့်ကြပ် ကြည့်ရှု၍ အသွားအလာကန့်သတ်ခံရခြင်း ရှိနေလျှင်သော်လည်းကောင်း အဆိုပါ အလုပ်သမားအား အလုပ်ခွင်သို့ လာရောက်ခြင်း မရှိစေရေးအတွက် အထူးဂရုပြုရန် လိုအပ်ပါသည်။
- အလုပ်ခွင်အတွင်း နေရာတစ်ခုစီတိုင်းတွင် အလုပ်သမားဦးရေ(၅၀)ထက် မကျော် အောင် စီစဉ်ဆောင်ရွက်ရပါမည်။
- လုပ်ငန်းခွင်သို့ လာရောက်သော အလုပ်သမား အရေအတွက်ကို နေ့စဉ် မှတ်တမ်းတင်ထားရပါမည်။
- အလုပ်လုပ်ကိုင်ရာတွင် Physical distancing လမ်းညွှန်ကို အတိအကျ လိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါသည်။

- မိမိလုပ်ငန်းခွင်မှ လူမှုဖူလုံရေးအကျိုးခံစားခွင့် ရရှိထားသောအလုပ်သမားများ၏ စာရင်းကိုစဉ်ဆက်မပြတ်သိရှိနေစေရန်နှင့် လိုအပ်ပါက ၎င်းတို့ကိုအချိန်နှင့်တပြေးညီ ဆက်သွယ်နိုင်ရန် လိပ်စာ၊ ဖုန်းနံပါတ်များရယူထားပါ။
- မိမိဌာနမှဝန်ထမ်းများအကြားဖျားနာခြင်း၊ ဖျားနာသည့် ရောဂါရာဇဝင်ရှိခြင်းနှင့် သံသယဖြစ်ဖွယ် လက္ခဏာများရှိ/မရှိအမြဲမပြတ် စောင့်ကြည့်၍ သံသယလူနာ တွေ့ရှိပါကကျန်းမာရေးဌာနသို့ကြိုတင်ဖုန်းဆက်အကြောင်းကြား၍ ပို့ဆောင်ပေးပါ။
- လုပ်ငန်းခွင်သို့ဧည့်သည်များမလိုအပ်ဘဲလာရောက်ခြင်းမရှိစေရန် ကြပ်မတ်ဆောင်ရွက်ပေးပါ။
- လုပ်ငန်းခွင်များတွင် မိမိတို့တာဝန်ကျရာအလုပ်ခွင်မှအပအခြားအလုပ်ခွင်များသို့ သွားရောက်လည်ပတ်ခြင်း၊ မလိုအပ်သောနေရာများသို့ သွားရောက်ခြင်းတို့ မရှိစေရန် ကြပ်မတ်ဆောင်ရွက်ပေးပါ။
- လုပ်ငန်းခွင်သို့လာရောက်သောအလုပ်သမားအရေအတွက်ကိုနေ့စဉ်မှတ်တမ်းတင်ထား ပါ။

## (ဃ) ဆောက်လုပ်ရေးလုပ်ငန်းခွင်များအနေဖြင့်

- **COVID-19** ကပ်ရောဂါကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည် ဆိုပါက အလုပ်ရှင်များအနေဖြင့် မိမိအလုပ်သမားများ ဖျားနာနေလျှင်သော်လည်းကောင်း၊ အလုပ်သမား မိသားစုဝင် တစ်ဦးအနေဖြင့် စောင့်ကြပ်ကြည့်ရှု၍ အသွားအလာကန့်သတ်ခံရခြင်း ရှိနေလျှင်သော်လည်းကောင်း အဆိုပါ အလုပ်သမားအား အလုပ်ခွင်သို့ လာရောက်ခြင်း မရှိစေရေးအတွက် အထူးဂရုပြုရန် လိုအပ်ပါသည်။
- အလုပ်ခွင်အတွင်း နေရာတစ်ခုစီတိုင်းတွင် အလုပ်သမားဦးရေ(၅၀)ထက် မကျော်အောင် စီစဉ်ဆောင်ရွက်ရပါမည်။
- လုပ်ငန်းခွင်သို့ လာရောက်သော အလုပ်သမား အရေအတွက်ကို နေ့စဉ်မှတ်တမ်းတင်ထားရပါမည်။
- အလုပ်လုပ်ကိုင်ရာတွင် Physical distancing လမ်းညွှန်ကို အတိအကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

- အလုပ်ခွင်တစ်ခုတွင် အလုပ်သမား တစ်ဦးနှင့်တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်စေ ရပါမည်။
- တိကျသော အကွာအဝေး ရှိစေရန် ကြမ်းပြင်ပေါ်တွင် (၆)ပေခြား အမှတ်အသား ပြုလုပ်ထားရပါမည်။
- အလုပ်သမားများကို တတ်နိုင်သမျှ မျက်နှာချင်းဆိုင် အလုပ်မလုပ်စေဘဲ ဘေးတိုက်သာ နေရာချပေးပါ။
- မဖြစ်မနေ မျက်နှာချင်းဆိုင် အလုပ်လုပ်ကိုင်ရမည်ဆိုပါက အများဆုံး (၁၅) မိနစ်ထက် မပိုစေရန် အထူးသတိပြုပေးပါ။
- အလုပ်သမားများကို အဆိုင်းများခွဲ၍ အလုပ်လုပ်စေပြီး အဆိုင်းတစ်ခုတွင် လူပြောင်းလူလွှဲ မပြုလုပ်ဘဲ တူညီသော အလုပ်သမားများကိုသာ တာဝန် ထမ်းဆောင်စေပါ။ (Cohorting)
- အလုပ်သမားများ အလုပ်တက်/ဆင်းချိန်နှင့် ထမင်းစားချိန်များတွင် အချိန်လွှဲ၍ အလုပ်တက်/ဆင်းစေခြင်း၊ အဆိုင်းအလိုက် ထမင်းစားချိန် လွှဲပြောင်းပေးခြင်း များ ဆောင်ရွက်ပေးပါ။

(အကယ်၍ လုပ်ငန်းဆောင်ရွက်မှု တစ်ခုခုအတွက် Physical distancing လမ်းညွှန်ကို လိုက်နာဆောင်ရွက်ရန် ခက်ခဲပါက အဆိုပါလုပ်ငန်းဆောင်ရွက်မှုကို ဆက်လက် လုပ်ဆောင်ရန် လိုအပ်ခြင်း ရှိ/မရှိ ဆုံးဖြတ်ပါ။ ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါက ရောဂါကူးစက်မှုအန္တရာယ်လျော့ကျနိုင်စေရေး ဆောင်ရွက်ချက်များကို အတတ်နိုင်ဆုံး ဆောင်ရွက်ပြီးမှသာ အဆိုပါလုပ်ငန်းဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်ရပါမည်)

- အလုပ်သမားများအနေဖြင့်–
  - လက်ကို ဆပ်ပြာ၊ ရေတို့ဖြင့် စက္ကန့် ၂၀ ခန့်ကြာအောင် စနစ်တကျ ဆေးကြောရန်၊
  - အထူးသဖြင့် နှာချေ၊ ချောင်းဆိုးပြီးသည့်အချိန်၊ အလုပ်သို့ စတင်ဝင်ရောက်ချိန်၊ အစာမစားမီ နှင့် အစားစားပြီးချိန်၊ အလုပ်ခွင်အတွင်း စက်ပစ္စည်းကိရိယာများ မကိုင်တွယ်မီနှင့် အလုပ်ဆိုင်း ပြီးဆုံးချိန်၊ အများသုံးသယ်ယူပို့ဆောင်ရေးယာဉ် ကို စီးနင်းအသုံးပြုပြီးသည့်အချိန်နှင့် အိမ်သို့ပြန်ရောက်သောအချိန်များတွင် လက်ကို စနစ်ကျ ဆေးကြောရန်၊

- ၀ အကယ်၍ ရေနှင့်ဆပ်ပြာဖြင့် မဆေးကြောနိုင်သည့် အခြေအနေများတွင် Hand sanitizer များကို အသုံးပြု၍ ဆေးကြောရန်နှင့်
- ၀ မိမိတို့၏မျက်နှာအား အလုပ်ခွင်အတွင်း မည်သည့်အချိန်တွင်မှ လက်ဖြင့် ထိတွေ့မှု မရှိစေရန်တို့ကို သေချာစွာ လိုက်နာဆောင်ရွက်ရပါမည်။

- ခာတ်လှေကားများနှင့် ဝန်ချီစက်များထက် ရိုးရိုးလှေကားများကိုသာ ပို၍အသုံးပြုသင့်ပါသည်။ ခာတ်လှေကားများနှင့် ဝန်ချီစက်များကို မဖြစ်မနေ အသုံးပြုရပါက လူနှင့်ဝန်များကို အနည်းဆုံး တင်ဆောင်ပြီး ထိတွေ့မှုများကို တတ်နိုင်သမျှ လျှော့ချရမည် ဖြစ်သကဲ့သို့ လူအများ ထိတွေ့နိုင်သောနေရာများဖြစ်သည့် တံခါးများနှင့် ခလုတ်များကိုလည်း 70% Ethyl Alcohol Spray ကို အသုံးပြု၍ မကြာခဏ ဆေးကြောပေးရပါ မည်။
- အလုပ်ခွင်အတွင်း လေဝင်လေထွက် ကောင်းမွန်စေရန် အထူးဂရုပြုရပါမည်။ တတ်နိုင်သမျှ ပြတင်းတံခါးများကို ဖွင့်၍ အလုပ်လုပ်ကိုင်စေရပါမည်။
- လုပ်ငန်းသုံးယာဉ်များ အတွင်းပိုင်းကိုလည်း ပုံမှန်ပိုးသတ်သန့်စင်ပေးရန်၊ အထူးသဖြင့် မတူညီသော မောင်းနှင်အသုံးပြုသူများ၏ အသုံးပြုမှု ပြီးချိန်တိုင်း ပိုးသတ်သန့်စင်ရန် လိုအပ်ပါသည်။

## Coronavirus Disease 2019(COVID-19)

## ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍
## စက်ရုံ၊အလုပ်ရုံများ၊လုပ်ငန်းခွင်များတွင်ဆောင်ရွက်ထားရမည့်အချက်များကို
## စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်

၂၀-၄-၂၀၂၀

စက်ရုံအမည် ____________________ စစ်ဆေးသည့်ရက်စွဲ ____________

စက်ရုံလိပ်စာ ____________________________________________

| စဉ် | ဆောင်ရွက်ထားရမည့်အချက် | တွေ့ရှိချက် | အကြံပြုချက် |
|---|---|---|---|
| ၁။ | Stay at Home | | |
| ၂။ | Physical Distancing (နေအိမ်မှအလုပ်လုပ်ရန် မဖြစ်နိုင်သော လုပ်ငန်းခွင်များအတွက်) | | |
| ၃။ | အလုပ်သမားတိုင်းအတွက် ပါးစပ်နှင့် နှာခေါင်းစည်းများ လက်အိတ်များတပ်ဆင်ရန် ညွှန်ကြားထားခြင်းနှင့် လုံလောက်စွာ ထောက်ပံ့ပေးထားခြင်း။ | | |
| ၄။ | Staff Sickness | | |
| ၅။ | Transportation | | |
| ၆။ | Entrance / Exit | | |
| ၇။ | Hygiene | | |
| ၈။ | Cleanliness and Disinfection | | |
| ၉။ | Meals and Rest | | |
| ၁၀။ | အထွေထွေ | | |

Recommendation

စစ်ဆေးသူလက်မှတ် ____________________ ကြီးကြပ်သူလက်မှတ် ____________________

အမည် ____________________ အမည် ____________________

5

## Coronavirus Disease 2019(COVID-19)

## ကာကွယ်၊ထိန်းချုပ်ရေးနှင့်ပတ်သက်၍

## စက်ရုံ၊အလုပ်ရုံများ၊လုပ်ငန်းခွင်များတွင်ဆောင်ရွက်ထားရမည့်အချက်များကို စစ်ဆေးခြင်းပုံစံ

၂၀-၄-၂၀၂၀

စက်ရုံအမည် ____________________ စစ်ဆေးသည့်ရက်စွဲ______________

စက်ရုံလိပ်စာ__________________________________________________

| စဉ် | ဆောင်ရွက်ထားရမည့်အချက် | ရှိ | မရှိ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | **Stay at Home** | | | |
| | နေအိမ်မှအလုပ်လုပ်ရန် ဖြစ်နိုင်သောအလုပ်သမားများကို နေအိမ်များမှသာ အလုပ်လုပ်စေရန် စီစဉ်ထားခြင်းရှိပါသလား။ | | | |
| ၂။ | **Physical Distancing (နေအိမ်မှအလုပ်လုပ်ရန် မဖြစ်နိုင်သော လုပ်ငန်းခွင်များအတွက်)** | | | |
| • | (၆)ပေတိကျသော အကွာအဝေးရှိစေရန် ကြမ်းပြင်ပေါ်တွင် အမှတ်အသားပြုလုပ်ထားခြင်း။ | | | |
| • | တစ်ဦးနှင့်တစ်ဦး (၆)ပေ အကွာအဝေး မထားပေးနိုင်လျှင် faceshield ဝတ်ဆင်ရန်(သို့) ပလတ်စတစ်အကာထားရန် (သို့) မျက်နှာချင်းဆိုင်မဖြစ်စေရန် စီစဉ်ထားခြင်း။ | | | |
| • | အဆိုင်းတစ်ခုချင်းစီတွင် ပါဝင်သော အလုပ်သမားများကို အဆိုင်းမရွှေ့ပြောင်းဘဲ တာဝန်ချထားခြင်း ။ | | | |
| | အလုပ်သမားများ အဆိုင်းအလိုက် အလုပ်တက် /ဆင်းချိန်မတူစေရန် စီစဉ်ထားခြင်း။ | | | |
| | အလုပ်သမားများ အဆိုင်းအလိုက် ထမင်းစားချိန်မတူစေရန် စီစဉ်ထားခြင်း။ | | | |
| ၃။ • | **အလုပ်သမားတိုင်းအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်အိတ်များတပ်ဆင်ရန် ညွှန်ကြားထားခြင်းနှင့် လုံလောက်စွာ ထောက်ပံ့ပေးထားခြင်း။** | | | |
| ၄။ | **Staff Sickness** | | | |
| | COVID-19 လက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့် အခြားကျန်းမာရေးချို့ယွင်းမှုများ ခံစားနေရသည့် အလုပ်သမားများကို လုပ်ငန်းခွင်သို့ မဝင်ရောက်စေဘဲ ကျန်းမာရေးဌာနသို့ သွားရောက် ဆေးကုသ မှု ခံယူနိုင်ရန် | | | |

| | | | |
|---|---|---|---|
| | စီစဉ်ထားခြင်း။ (ရှိပါက မည်သို့ ဆောင်ရွက်ထားကြောင်းကို မှတ်ချက်တွင် ဖော်ပြပါရန်) | | |
| • | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်တွင်ပါဝင်သော အလုပ်ခွင်သို့ မဝင်ရောက်စေရမည့် အချက်အလက်များအား ထင်ရှားစွာရေးသား ဖော်ပြထားခြင်း။ | | |
| • | အလုပ်သမား/အလုပ်သမား၏ မိသားစုဝင် တစ်ဦးဦး နာမကျန်း ဖြစ်ပါက သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးနှင့် စက်ရုံ အကြီးအကဲထံသို့တိုင်ကြားရန်နှင့် ကျန်းမာရေးဌာနသို့ ဆက်လက် သတင်းပို့ရန် စီစဉ်ဆောင်ရွက်ထားခြင်း။ | | |
| ၅။ | Transportation | | |
| • | ဝန်ထမ်းကြို/ပို့ယာဉ်များအား အမည်နှင့် ယှဉ်တွဲ၍ ထိုင်ခုံနေရာသတ်မှတ်စီစဉ်ထားခြင်း။ | | |
| • | ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် လက်သန့်စင်ဆေးရည်၊ တစ်ခါသုံးတစ်ရှူး၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask)များ ထားရှိပေးထားခြင်း။ | | |
| ၆။ | Entrance / Exit | | |
| • | လုပ်ငန်းခွင် ဝင်/ထွက်ပေါက်များတွင် ကိုယ်အပူချိန် တိုင်းတာသည့်စက်များ(Non Touch Thermometer) (သို့မဟုတ်) (Thermal Scanner)တပ်ဆင်ပေးထားခြင်း။ (အလုပ်သမား ၅၀၀ လျှင် Non-touch Thermometer ၃ ခု၊ အလုပ်သမား ၁၀၀၀ လျှင် Non-touch Thermometer ၅ ခု) | | |
| | ကိုယ်အပူချိန် တိုင်းတာစစ်ဆေးပေးသည့် ဝန်ထမ်းများအတွက် တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများ ထောက်ပံ့ပေးထား ခြင်း။(Mask, Glove, Apron, Face Shield) | | |
| | အလုပ်တက်/ဆင်းသည့် ဝင်ပေါက်/ထွက်ပေါက်များတွင် လူစုလူဝေးမဖြစ်ပေါ်စေရန် တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ မှ ခွာ၍ အဝင်အထွက် ပြုလုပ်နိုင်ရန် စီစဉ်ထားခြင်း။ | | |
| • | စာရွက်ပေါ်တွင် စုရုံးလက်မှတ်ထိုးခြင်း။ Fingerprint scanners များ အသုံးပြုခြင်း မရှိဘဲ အလုပ်သမားများ အလုပ်တက်ရောက် ခြင်းရှိ/မရှိဆန်းစစ်ရန် ကြီးကြပ်ရေးမှူး များအား တာဝန်ပေး ထားခြင်း။ | | |

| | | | | |
|---|---|---|---|---|
| • | စက်ရုံ/အလုပ်ရုံရှိ အလုပ်သမားအားလုံး၏ ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်များကို ပြုစုထားခြင်း။ | | | |
| ၇။ | **Hygiene** | | | |
| • | အနည်းဆုံး (၆)ပေကွာသည့် လက်ဆေးမည့်နေရာများ (လူ ၅၀ လျှင် ၁ နေရာ)) လုံလောက်စွာ စီစဉ်ပေးထားခြင်း။<br>(မြေဖြင့်နင်း၍ ရေအဖွင့်အပိတ်လုပ်နိုင်သည်။)<br>(က) လုပ်ငန်းခွင် ဝင်/ထွက်ပေါက်နေရာ၊<br>(ခ) လုပ်ငန်းခွင်နေရာ၊<br>(ဂ) နားနေဆောင်နှင့် ထမင်းစားဆောင်၊<br>(ဃ) အိမ်သာ၊ | | | |
| • | စနစ်တကျလက်ဆေးရန်အတွက် လိုအပ်သော ထောက်ပံ့မှုများ (ဆပ်ပြာ၊ ရေ၊ လက်သန့်စင်ဆေးရည်၊ တစ်ရှူးစက္ကူ များ) စီစဉ်ဆောင်ရွက်ထားခြင်း ။ | | | |
| | လက်ဆေးရာနေရာတိုင်းတွင် စနစ်တကျ လက်ဆေးနည်း ပိုစတာများကို ကပ်ထားပေးခြင်း ။ | | | |
| ၈။ | **Cleanliness and Disinfection** | | | |
| | အမှိုက်ပုံးများကိုအလုံအလောက် ထားရှိပေးခြင်း၊ အမှိုက်သိမ်းဆည်းခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်း တို့အတွက် စီစဉ်ဆောင်ရွက်ထားခြင်းနှင့် မှတ်တမ်းထားရှိခြင်း။<br>(က) သန့်စင်ခန်း<br>(ခ) လုပ်ငန်းခွင် | | | |
| | တစ်ခါသုံး တစ်ကိုယ်ရေသုံးအကာအကွယ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရန် စီစဉ်ဆောင်ရွက်ထားခြင်းနှင့် မှတ်တမ်းထားရှိခြင်း။ | | | |
| | တစ်ခါသုံးမဟုတ်သော တစ်ကိုယ်ရေသုံး အကာအကွယ် ပစ္စည်းများကို အသုံးပြုပြီးပါက သန့်ရှင်းရေးပြုလုပ်ရန် စီစဉ်ဆောင်ရွက်ထားခြင်း နှင့်မှတ်တမ်းထားရှိခြင်း။<br>(ရှိပါက မည်သို့ ဆောင်ရွက်ထားကြောင်းကို မှတ်ချက်တွင် ဖော်ပြပါရန်) | | | |
| • | အလုပ်သမားများ နေ့စဉ်အသုံးပြုသော ပစ္စည်းကိရိယာများ နှင့် အလုပ်သမားများထိတွေ့ရသည့် သတ္တုမျက်နှာပြင်များကို ပိုးသတ်သန့်စင်ရန် 70% Alcohol အလုံအလောက် ရှိ/မရှိ | | | |

| | | | | |
|---|---|---|---|---|
| * | ကြမ်းခင်းနေရာများကို ပိုးသတ်သန့်စင်ရန် 0.1% Hypochlorite Solution (သို့မဟုတ်) ဆပ်ပြာရည် နှင့်ရေတို့ အလုံအလောက် ရှိ/မရှိ (0.1% Hypochlorite Solution ဖြင့် ပိုးသတ်သန့်စင်မည် ဆိုပါက ဖျော်စပ်နည်းနှင့် အသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်များကို သိရှိခြင်း ရှိ/မရှိ) | | | |
| ၉။ | **Meals and Rest** | | | |
| | အလုပ်သမားများ မိမိတို့အစီအစဉ်ဖြင့် ထမင်းဘူးများ၊ ရေဘူးများ ထုပ်ပိုးသယ်ဆောင်လာခြင်း။ | | | |
| | စက်ရုံမှ အစားအသောက် စီစဉ်ကျွေးမွေးခြင်း ။ (ရှိပါကစားဖိုဆောင် ဝန်ထမ်းများ၏ တစ်ကိုယ်ရေ သန့်ရှင်း ရေးနှင့် ၎င်းတို့၏ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် မည်သို့ ဆောင်ရွက်ထားကြောင်း မှတ်ချက်တွင် ဖော်ပြရန်) | | | |
| | ထမင်းစားခန်း၊ နားနေခန်းများတွင် တစ်ဦးနှင့် တစ်ဦး (၆) ပေအကွာတွင် စားသောက်ရန် (သို့) နားနေနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်း။ | | | |
| | ထမင်းစားခန်း၊ နားနေခန်းများတွင် လက်ကိုစနစ်တကျ ဆေးကြောသန့်စင်စေရေး ဆောင်ရွက်ထားခြင်း။ | | | |
| ၁၀ | **အထွေထွေ** | | | |
| | လုပ်ငန်းခွင်များကို လေဝင်လေထွက် ကောင်းမွန်အောင် စီစဉ် ဆောင်ရွက်ထားခြင်း ။ | | | |
| | Air con သုံးလျှင် လေစစ်ဇကာများကို ပုံမှန်သန့်ရှင်းရေးလုပ်ရန် စီစဉ်ခြင်းနှင့် မှတ်တမ်းထားရှိခြင်း၊ | | | |

*** ပြထားသော အချက်များသည် မဖြစ်မနေ ဆောင်ရွက်ထားရမည့် အချက်များဖြစ်သည်။**

**စစ်ဆေးသူ အမည်**____________ **ကြီးကြပ်သူအမည်**____________

**ရာထူး**____________ **ရာထူး**____________

**ဌာန** ____________ **ဌာန** ____________

# လျှော့ချကောက်ခံမည့်လျှောက်ထားလွှာနှင့်ဝန်ဆောင်မှုနှုန်းထားများ

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ကမ္ဘာ့နိုင်ငံအများစုတွင် ကိုရိုနာဗိုင်းရပ်စ် (Corona Virus-COVID 19) ကူးစက်ပြန့်ပွားနေမှုကြောင့် မြန်မာနိုင်ငံအတွင်းဝင်ရောက်လာမည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အတည်ပြုမိန့်နှင့် ခွင့်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် အသုံးစရိတ်များလျှော့ကျပြီး လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် ၂၀၂၀ ပြည့်နှစ် ဧပြီလ (၂၀) ရက်နေ့မှစ၍ မူလဝန်ဆောင်စရိတ်နှုန်းထား၏ ၅၀ ရာခိုင်နှုန်းသို့လျှော့ချ၍ လျှောက်ထားလွှာနှင့် ဝန်ဆောင်စရိတ်နှုန်းထားများအား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်-

| စဉ် | ဝန်ဆောင်မှု | မူလကောက်ခံသည့်နှုန်းထား | ပြင်ဆင်ကောက်ခံမည့်နှုန်းထား |
|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုစုံစမ်းမေးမြန်းခြင်း လျှောက်ထားလွှာ | ၁၅,၀၀၀ | ၇,၅၀၀ |
| (ခ) | အဆိုပြုချက် (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀ အောက်) | ၁၀၀,၀၀၀ | ၅၀,၀၀၀ |
| (ဂ) | အဆိုပြုချက်(စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀ နှင့် ၂၀,၀၀၀,၀၀၀ အကြား) | ၂၀၀,၀၀၀ | ၁၀၀,၀၀၀ |
| (ဃ) | အဆိုပြုချက် (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၂၀,၀၀၀,၀၀၁ နှင့် ၁၀၀,၀၀၀,၀၀၀ အကြား) | ၃၀၀,၀၀၀ | ၁၅၀,၀၀၀ |
| (င) | အဆိုပြုချက် (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀,၀၀၁ နှင့်အထက်) | ၅၀၀,၀၀၀ | ၂၅၀,၀၀၀ |
| (စ) | အတည်ပြုလျှောက်ထားလွှာ | ၅၀,၀၀၀ | ၂၅,၀၀၀ |

| စဉ် | ဝန်ဆောင်မှု | မူလကောက်ခံသည့်နှုန်းထား | ပြင်ဆင်ကောက်ခံမည့် နှုန်းထား |
|---|---|---|---|
| (ဆ) | အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်လျှောက်ထားလွှာတင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀,၀၀၀,၀၀၀ အောက်) | ၁၀၀,၀၀၀ | ၅၀,၀၀၀ |
| (ဇ) | အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် လျှောက်ထားလွှာ တင်ပြခြင်း (စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀,၀၀၀,၀၀၀ နှင့်အထက်) | ၂၀၀,၀၀၀ | ၁၀၀,၀၀၀ |
| (ဈ) | မြေအသုံးပြုခွင့် လျှောက်ထားလွှာတင်ပြခြင်း | ၁၀၀,၀၀၀ | ၅၀,၀၀၀ |
| (ည) | အစုရှယ်ယာ သို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်း လျှောက်ထားလွှာတင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၁,၀၀၀,၀၀၀ အောက်) | ၅၀,၀၀၀ | ၂၅,၀၀၀ |
| (ဋ) | အစုရှယ်ယာ သို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်း လျှောက်ထားလွှာတင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀ နှင့်အထက်) | ၁၀၀,၀၀၀ | ၅၀,၀၀၀ |

| စဉ် | ဝန်ဆောင်မှု | မူလကောက်ခံသည့်နှုန်းထား | ပြင်ဆင်ကောက်ခံမည့် နှုန်းထား |
|---|---|---|---|
| (ဌ) | အစုရှယ်ယာ သို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်း လျှောက်ထားလွှာတင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၂၀,၀၀၀,၀၀၀ နှင့်အထက်) | ၂၀၀,၀၀၀ | ၁၀၀,၀၀၀ |
| (ဍ) | အစုရှယ်ယာသို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်း လျှောက်ထားလွှာတင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၀,၀၀၀,၀၀၀ အထက်) | ၃၀၀,၀၀၀ | ၁၅၀,၀၀၀ |
| (ဎ) | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၄၈(ခ) အရ ချမှတ်သောဆုံးဖြတ်ချက်အတွက် ရှင်းလင်းချက် တောင်းခံခြင်း | ၈၀,၀၀၀ | ၄၀,၀၀၀ |
| (ဏ) | ခွင့်ပြုမိန့်ပြင်ဆင်ခြင်း | ၁၀၀,၀၀၀ | ၅၀,၀၀၀ |
| (တ) | အတည်ပြုမိန့်ပြင်ဆင်ခြင်း | ၅၀,၀၀၀ | ၂၅,၀၀၀ |
| (ထ) | အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ပြင်ဆင်ခြင်း | ၁၀၀,၀၀၀ | ၅၀,၀၀၀ |
| (ဒ) | မြေအသုံးပြုခွင့် ပြင်ဆင်ခြင်း | ၁၀၀,၀၀၀ | ၅၀,၀၀၀ |
| (ဓ) | နိုင်ငံခြားသားကျွမ်းကျင်သူများအတွက် အလုပ်လုပ်ခွင့်လျှောက်ထားခြင်း | ၅,၀၀၀ | ၂,၅၀၀ |

| စဉ် | ဝန်ဆောင်မှု | မူလကောက်ခံသည့်နှုန်းထား | ပြင်ဆင်ကောက်ခံမည့် နှုန်းထား |
|---|---|---|---|
| (န) | ခွင့်ပြုမိန့် (မိတ္တူမှန်) ထုတ်ယူခြင်း<br>(MIC Permit) | ၇၅၀,၀၀၀ | ၃၇၅,၀၀၀ |
| (ပ) | အတည်ပြုမိန့် (မိတ္တူမှန်) ထုတ်ယူခြင်း<br>(MIC Endorsement) | ၅၀၀,၀၀၀ | ၂၅၀,၀၀၀ |
| (ဖ) | ခွင့်ပြုမိန့် ပြင်ဆင်ချက် (မိတ္တူမှန်) ထုတ်ယူခြင်း<br>(MIC Permit Amend) | ၁၀၀,၀၀၀ | ၅၀,၀၀၀ |
| (ဗ) | အတည်ပြုမိန့် ပြင်ဆင်ချက် (မိတ္တူမှန်) ထုတ်ယူခြင်း<br>(MIC Endorsement Amend) | ၅၀,၀၀၀ | ၂၅,၀၀၀ |
| (ဘ) | ခွင့်ပြုမိန့်၊ အတည်ပြုမိန့် ဆုံးဖြတ်ချက် (မိတ္တူမှန်) ထုတ်ယူခြင်း<br>(MIC Decision) | ၂၅,၀၀၀<br>(၁ ရွက်လျှင်) | ၁၂,၅၀၀<br>(၁ ရွက်လျှင်) |
| (မ) | ကော်မရှင် ခွင့်ပြုချက်ပြန်ကြားစာ မိတ္တူကူးယူခြင်း | ၂၅,၀၀၀<br>(၁ ရွက်လျှင်) | ၁၂,၅၀၀<br>(၁ ရွက်လျှင်) |
| (ယ) | အဆိုပြုချက်/ အတည်ပြုလျှောက်ထားလွှာ (Proposal)<br>မိတ္တူကူးယူခြင်း | ၅,၀၀၀<br>(၁ ရွက်လျှင်) | ၂၅၀၀<br>(၁ ရွက်လျှင်) |

၂။ အထက်ဖော်ပြပါ ပြင်ဆင်သတ်မှတ်ချက်များသည် COVID – 19 ရောဂါ ဖြစ်ပွားနေမှုနှင့်စပ်လျဉ်းသည့် နိုင်ငံတော်၏ ကြေညာချက်များအရ သက်ရောက်မှုရှိသည့် ကာလအထိသာ အကျုံးဝင်မည်ဖြစ်ပြီး အဆိုပါကာလကုန်ဆုံးပါက လျှောက်ထားလွှာနှင့်ဝန်ဆောင်စရိတ်နှုန်းထားများအား ပြန်လည်ပြင်ဆင်သတ်မှတ် ကြေညာသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

**Myanmar Garment Manufacturers Association**

**No. (29), MIN YE KYAW SWAR STREET,9TH FLOOR, UMFCCI TOWER**

**LANMADAW TOWNSHIP, YANGON,MYANMAR**

**Ph:+95 1 2300253,2314829,Email;mgma@myanmargarments.org, website:www.myanmargarments.org**

Registered No. . 005/အထွေ/2020(0309)

Date. . April 23,2020

To

CMP Factories/Companies Members,

Subject. **.Notice of reducing the service price of Myanmar Garment Manufacturers Association**

1. Myanmar Garment Manufacturers Association (MGMA) has changed the services prices of MGMA to reduce the cost during the process of preventing, controlling and caring of pandemic COVID-19 and to make the work more smoothly.

| No. | Service | Normal Rate(Kyat) | Changed Rate(Kyat) |
|---|---|---|---|
| 1 | Online License Service(Normal Service) | 10,000 | 5,000 |
| 2 | Online License Service(Express Service) | 50,000 | 35,000 |
| 3 | - Country of Origin (C/O)<br>- Re-export (Permit)<br>- Repair & Return<br>- % composition | 20,000 | 10,000 |

2. The changes of service prices will only be covered from 24.4.2020(Friday) to 30.6.2020(Tuesday) and after that period, the services rates will be informed in viewing of situations allowed.

Chairman(On behalf of)
U Khin Maung Oo, Executive
Office Manager

Copy to 'MGMA'

**MYANMAR GARMENT MANUFACTURERS ASSOCIATION**
**မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း**
9[th] Floor, UMFCCI, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon.
Tel: +95 1 2314829, 2300253, Email: mgma@myanmargarments.org, Website: www.myanmargarments.org

# အသင်းဝင်စက်ရုံများသို့ သတင်းထုတ်ပြန်ချက်

၂၀၂၀ ခုနှစ်၊ ဧပြီလ (၂၆) ရက်။

အကြောင်းအရာ။ ။အသင်းဝင်စက်ရုံများမှဝန်ထမ်းများ လုပ်ငန်းခွင်တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန် အထောက်အကူပြု မိုဘိုင်းလ် အပလီကေးရှင်းကို ထည့်သွင်းအသုံးပြုကြရေး တိုက်တွန်းနှိုးဆော်ခြင်း။

၁။ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းသည် အသင်းဝင်စက်ရုံများအား COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာကြရန်နှင့် လုပ်ငန်းခွင် ခွင့်တိုင်ကြားခြင်းဆိုင်ရာ တိုက်တွန်းနှိုးဆော်ချက်ကို ၁၈-၀၄-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ ထုတ်ပြန်ခဲ့သည့် တိုက်တွန်းနှိုးဆော်ချက်ကို ဆက်လက်လိုက်နာ ဆောင်ရွက်ကြရန်အပြင် Saw Saw Shar မိုဘိုင်းလ်အပလီကေးရှင်း (https://www.sawsawshar.gov.mm/) ကို သက်ဆိုင်ရာ အသင်းဝင်စက်ရုံများ၏ ဝန်ထမ်းရေးရာ၊ စီမံရေးရာဌာနများမှတဆင့် ဝန်ထမ်းများ၏ မိုဘိုင်းလ်ဖုန်းများတွင် ထည့်သွင်းအသုံးပြု၍ လိုက်နာကျင့်သုံးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၃။ ၎င်း မိုဘိုင်းလ်အပလီကေးရှင်းကို မိမိဖုန်းတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် စက်ရုံတွင် COVID-19 ရောဂါကူးစက်ခံရသူ ပေါ်ပေါက်လာပါက ထိုသူသွားရောက်ခဲ့သည့်နေရာနှင့် ထိတွေ့ခဲ့သည့်လူပုဂ္ဂိုလ်တို့ကို ခြေရာခံခြင်း (Contact Tracing) အလွယ်တကူလုပ်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ပါ၍ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အသင်းဝင်စက်ရုံများအနေဖြင့် မိမိစက်ရုံ ဝန်ထမ်းများ၏ မိုဘိုင်းလ်ဖုန်းများထဲတွင် Saw Saw Shar မိုဘိုင်းလ်အပလီကေးရှင်းကို ထည့်သွင်းအသုံးပြုခြင်းဖြင့် COVID-19 ရောဂါ ကူးစက်၊ ပျံ့ပွားမှုကို ကာကွယ်၊ ထိန်းချုပ်နိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပူးတွဲ - Saw Saw Shar မိုဘိုင်းလ်အပလီကေးရှင်း အသုံးပြုပုံကို ပူးတွဲဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း

## SawSawShar App ကိုရယူရန်(Android Version)

၁။ SawSawShar.gov.mm ကို Mozilla FireFox (သို့) Chrome application တွင် ရိုက်ပါ။




၂။ "ရယူလိုက်ပါ" ကို နှိပ်ပြီး Download လုပ်ပါ။

၃။'Ok' နှိပ်ပြီး application ကို ထည့်သွင်း လိုက်ပါ။


၄။ ထည့်သွင်းပြီးနောက် Application ၏ တောင်းဆိုချက်များကို ခွင့်ပြုရမည် ဖြစ်သည်။ ( ယခု application သည် GPS နှင့် အဓိကလုပ်ဆောင်ရသော application ဖြစ်သည်။)

၅။ ထို့နောက် ဖုန်း၏ ဘယ်ဘက်အပေါ်ထောင့်ရှိ (Menu Bar) သို့သွားပြီး စီစစ်ခြင်း (Verify) ကို နှိပ်ပြီး ဖုန်းနံပါတ် ရိုက်သွင်းပါ။





၆။ ထို့နောက် တစ်ခါသုံး လျှို့ဝှက်ကုဒ် (password)ကို သင်၏ဖုန်းထဲသို့ စာ (Message) ပို့ပေးပါလိမ့်မည်။


၇။ ဒုတိယလုပ်ဆောင်ရမည်အရာကတော့ သင်၏ အချက်အလက်များကို ထည့်သွင်းရမည်ဖြစ်ပါသည်။



၈။ ဖုန်းထဲတွင် GPS ကို အမြဲတမ်းဖွင့်ထားရပါမည်။ သို့မှသာ GPS သည် အလိုအလျှောက် အချက်အလက်များကို မှတ်တမ်းပေးပါလိမ့်မည်။




၉။ မြေပုံသည် သင်သွားထားခဲ့သည့်နေရာများကို အနီရောင် သင်္ကေတဖြင့်ပြသမည် ဖြစ်ပါသည်။ အကယ်၍ သင်ဖျားနာနေပါက သက်ဆိုင်ရာ ဌာန သို့ application တွင်ပါသော 'Report' သင်္ကေတကို နှိပ်ပြီး သတင်းပေးပို့နိုင်ပါသည်။




****This App is mainly focused on whether you had in touch with 'Infected person or Not'. And to discover if you had in touch with infected person and to have an early treatment if you had in touch.**

**** ယခု application သည် စက်ရုံအတွင်းရှိ လုပ်သားများတွင် ကူးစက်ခံထားသူများနှင့် ထိတွေ့မှုရှိမရှိကို စစ်ဆေးနိုင်ရန်ဖြစ်ပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ဝန်ကြီးရုံး

ဝန်ကြီးရုံး

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၀)

နေပြည်တော် ၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၂၈ ရက် )

၁။ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သည် Corona Virus Disease (COVID-19) ကာကွယ်၊ ထိန်းချုပ်ရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးမှသာဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံ၊ အလုပ်ဌာန များကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း စစ်ဆေးမှုများပြုလုပ်သွားမည် ဖြစ်ကြောင်းနှင့် သတ်မှတ်ချက်များနှင့်ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည် ဖြစ်ကြောင်း ၁၉-၄-၂၀၂၀ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

၂။ အထက်ပါကြေညာချက် အရ အချို့စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် ၂၀-၄-၂၀၂၀ ရက်နေ့တွင် ဖွင့်လှစ်ရန်စီစဉ်ထားပြီးဖြစ်သော်လည်း စစ်ဆေးခံရန် ယာယီပိတ်သိမ်းခဲ့ရပြီး အဆိုပါ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသော အာမခံ အလုပ်သမားများအနေဖြင့် ၂၀-၄-၂၀၂၀ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်သည့်နေ့အထိ အလုပ်လုပ်ကိုင် ရခြင်းမရှိဘဲ ယာယီရပ်နားခဲ့ရပါသည်။

၃။ ထိုသို့ ယာယီရပ်နားခဲ့ရသော လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအတွက် ရပ်နားထားရသည့် ရက်များအလိုက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေပုဒ်မ ၁၃ (ခ) (၂)နှင့် ဥပဒေပုဒ်မ ၁၀၀ တို့အရ (၁/၂၀၂၀) လအတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် လုပ်ခလစာ၏ ၄၀ % ကို ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ်ထုတ်ယူခံစားခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

၄။ အပိုဒ် ၃ ပါ ဖော်ပြချက်များနှင့် ကိုက်ညီမှုရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၏ အလုပ်ရှင်များသည် လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးရန်ပုံငွေမှ ထောက်ပံ့မည့် ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များကို ရရှိနိုင်ရန် သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် နေ့မှစ၍ လျှောက်ထားရမည်ဖြစ်သည်။

EU NEXUS RESPONSE FOR MYANMAR | EUROPEAN UNION | UNOPS | SMART Textile & Garments

# EU (မြန်ကူ) ရန်ပုံငွေ



## သတ်မှတ်ချက်နှင့်ပြည့်မီသော စံနှုန်းများ*

### သတ်မှတ်ထားသည့် အကျိုးခံစားခွင့်ရှိသူများသည် အဆိုပါ ယေဘုယျ သတ်မှတ်ချက်များနှင့် ကိုက်ညီရပါမည် -

- ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှစ၍ (အထည်ချုပ်၊ ဖိနပ်၊ လက်ကိုင်အိတ်/ကျောပိုးအိတ်) စက်ရုံများတွင် အလုပ်ခန့်ထားခြင်းခံရသည့် စက်ရုံအလုပ်သမားများ။
- သတ်မှတ်ချက်နှင့်ပြည့်မီသည့် အလုပ်သမားများမှာ အလုပ်မှထုတ်ပယ်ခံရခြင်း၊ ဆိုင်းငံ့ခြင်း (သို့မဟုတ်) အလုပ်လုပ်ရက် နှင့် လုပ်ခလစာ သိသိသာသာ (ပုံမှန်၏ထက်ဝက်အောက်) လျှော့ချခံရခြင်း နှင့် ရင်ဆိုင်နေရခြင်း။
- အဆိုပါ လုပ်ငန်းခွင်အတွင်း မကြာသေးမီက ထုတ်ပယ်ခံရခြင်း၊ ဆိုင်းငံ့ခြင်း (သို့) အလုပ်ပမာဏလျှော့ချခံရခြင်း စသည် လုပ်ငန်းသက်သေအထောက်အထားများ ဖြည့်စွက်ဖော်ပြရပါမည်။

### ဦးစားပေး လုပ်ဆောင်မှုများ -

- မြန်ကူသည် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၌ မှတ်ပုံတင်ထားပြီး အလုပ်သမား သမဂ္ဂနှင့် CSO များမှ စောင့်ကြည့်လေ့လာထားသော အမှန်တကယ်လိုအပ်နေသည့် အလုပ်သမားများ နှင့် လုပ်ငန်းပိတ်သိမ်းထားခြင်း (သို့) ဆိုင်းငံ့ထားခြင်း ရှိသည့် စက်ရုံများမှ အလုပ်သမားများကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- မြောက်မြားစွာသော အလုပ်သမားများထံသို့ အကျိုးခံစားခွင့်များ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိနိုင်စေရန် ဦးစားပေးလုပ်ဆောင်မည်ဖြစ်ပါသည် တစ်ကြိမ်ထက်ပိုသည့် အကျိုးခံစားခွင့်များ မရရှိနိုင်ခြင်းမျိုးလည်း ရှိနိုင်ပါသည်။ ။ တစ်ကြိမ်ထက်ပိုသည့်အကျိုးခံစားခွင့်များ ( ၂လ သို့ ၃လ အထက်) သည် ရန်ပုံငွေ ရရှိနိုင်မှု နှင့် အလုပ်သမားများ အလုပ်လက်မဲ့ ဆက်လက်ဖြစ်ပေါ်နေမှု ပေါ် မူတည်၍သာ ရရှိမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ အကျိုးခံစားခွင့်များအား အများဆုံး ၃လ အတွက်သာ စီစဉ်ထားရှိပါသည်။

*သတ်မှတ်ချက်ပြည့်မီမှု စံနှုန်းများ အသေးစိတ်ကို အောက်ပါစာမျက်နှာများတွင် ဖော်ပြထားပါသည်။ .

## စံနှုန်းများ

*၂၀၂၀ခုနှစ်၊ ဧပြီလ ၂၆ရက်နေ့ အသစ်ထပ်မံဖြည့်စွက်ခြင်း*

### ၁။ ယေဘုယျစည်းကမ်းချက်များ

- မြန်ကူအရေးပေါ်ရန်ပုံငွေသည် COVID-19 စီးပွားရေးအကျပ်အတည်းကြောင့် နိုင်ငံတကာဝယ်ယူသူများမှ အမှာစာများလျှော့ချခြင်း ခံရသည့် စက်ရုံများရှိ အလုပ်သမားများအား ကူညီထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပါသည်။
- ဥရောပသမဂ္ဂ၏ မြန်ကူရန်ပုံငွေ မှ အကျိုးခံစားခွင့်ရရှိသည့် အလုပ်သမားများအား အသက်၊ အသားအရောင်၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ ကျား/မ နှင့် အခြားလိင်အမျိုးအစား၊ အလုပ်သမားသမဂ္ဂ အဖွဲ့ဝင် ဖြစ်ခြင်း (သို့) မဖြစ်ခြင်း နှင့် အမျိုးသားမှတ်ပုံတင်ကဒ်ပြား ရှိခြင်း၊ မရှိခြင်းပေါ်တွင် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမျိုး မရှိပါ။
- သတ်မှတ်ချက်နှင့် ပြည့်မီရန် အလုပ်သမားတစ်ဦးချင်းစီသည် ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှစ၍ အနည်းဆုံးရက် ၂၀အတွင်း တရားဝင်မှတ်ပုံတင်ထားသည့် အထည်ချုပ်၊ ဖိနပ် (သို့) လက်ကိုင်အိတ်၊ကျောပိုးအိတ်စက်ရုံတွင် အလုပ်လုပ်ကိုင်ထားခြင်းကို အထောက်အထားပြရပါမည်။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း နှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ အသင်းဝင်ကုမ္ပဏီများမှ အလုပ်သမားများအား ကနဦး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- သတ်မှတ်ချက်နှင့် ပြည့်မီရန် အလုပ်သမားတစ်ဦးစီမှ အထောက်အထားတင်ပြရာတွင် လုပ်ခလစာစာရွက်၊ အလုပ်မှ ထုတ်ပယ်ခံရကြောင်း အကြောင်းကြားစာ (သို့) အလားတူစာရွက်စာတမ်း ပုံစံကို တင်ပြရပါမည်။ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MoLIP) မှ အလုပ်ခန့်ထားခြင်း မှတ်တမ်းများ နှင့် စက်ရုံမန်နေဂျာများမှ အလုပ်ခန့်ထားခြင်း စာရင်းဇယားများ ကို အခြားသော အထောက်အထားများအနေဖြင့် မြန်ကူမှ ရယူထားရှိမည်ဖြစ်ပါသည်။ အထောက်အထားပြသရန် မရှိသည့်အခြေအနေတွင် မြန်ကူ ဝန်ထမ်းများ၏ ဆုံးဖြတ်ချက်ဖြင့်၊ အလုပ်အကိုင်ကို အတည်ပြုရန် မြန်ကူဝန်ထမ်းများမှ အင်တာဗျူးခြင်းကို ဆောင်ရွက်နိုင်သည်။
- ရန်ပုံငွေ ကန့်သတ်ထားခြင်း နှင့် လိုအပ်ချက်မြင့်မားမှုရှိခြင်းကြောင့်၊ မြန်ကူရန်ပုံငွေ မှ စိစစ်ထားသည့် အလုပ်သမားများသည် တရားဝင် အလုပ်မှထုတ်ပယ်ခံရခြင်း၊ လုပ်ခလစာ မရရှိပဲ ဆိုင်းငံ့ခံရခြင်း (သို့) အနည်းဆုံးလစာဖြင့် ဆိုင်းငံ့ထားခြင်း နှင့် အမှန်တကယ် ငွေကြေးလိုအပ်နေသူများကို ဦးစားပေးဆောင်ရွက်မည် ဖြစ်ပါသည်။
- ရန်ပုံငွေကုန်သွားသည့် အခြေအနေတွင် အကျိုးခံစားခွင့်များ ဆက်လက်လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ မြန်ကူ မှ ၂၀၂၀ခုနှစ်၊ ဇူလိုင်လအထိ အလုပ်သမားများအတွက် ငွေကြေးထောက်ပံ့ပေးနိုင်ရန် ကြိုးစားသွားမည်ဖြစ်သော်လည်း ၊ ရန်ပုံငွေများ မျှော်မှန်းထားသည်ထက် မြန်ဆန်စွာကုန်သွားပါက မကြာမီပင် ထောက်ပံ့မှုကို လျှော့ချခြင်း (သို့) ရပ်ဆိုင်းရမည် ဖြစ်ပါသည်။
- မြန်ကူဝန်ထမ်းများသည် တရားဝင် ထောက်ပံ့မှုလျှောက်ထားခြင်းကို အပြည့်အဝ ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ အထက်ဖော်ပြပါ ဒုတိယ အချက်တွင် ဖော်ပြထားသည်များမှ အပ ဘဏ္ဍာရေးအကျပ်အတည်း အခက်အခဲ၊ ပထဝီဝင် အနေအထားအကန့်အသတ်များ နှင့် အခြားသောအကြောင်းပြချက်များ အပေါ်တွင် အခြေခံ၍ တစ်ဦးချင်းစီကို ပံ့ပိုးကူညီပေးမည့်စာရင်းမှ ဖယ်ထုတ်နိုင်ပါသည်။
- မြန်ကူဝန်ထမ်းများသည် သတ်မှတ်ထားသော အကျိုးခံစားခွင့်ရှိသည့်အုပ်စုများ အကြား "ထုတ်ပယ်သည့်ပုံစံများ" နှင့် သက်ဆိုင်သည်များကို စောင့်ကြည့်ခြင်း နှင့် ဖယ်ရှားရန် ရှာဖွေခြင်းတို့ကို သတိပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- ထောက်ပံ့မှုရရှိရန်အတွက် လျှောက်လွှာတင်ရာတွင် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ တောင်းခံမှုအတွက် မည်သည့်ထောက်ပံ့ပေးမှုကိုမဆို အချိန်မရွေးရရှိနိုင်မှုအတွက် အာမ မခံနိုင်ပါ။
- ငွေကြေးထောက်ပံ့မှုများကို Wave Money အသုံးပြု၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ Wave Money ဖြင့် ငွေကြေးထောက်ပံ့မှု ရရှိရန် ခက်ခဲသည့် အနေအထားမျိုးတွင် ဖြစ်ရန်ရှားပါးနိုင်သော်လည်း အခြားသောထောက်ပံ့ပေးနိုင်မှုများကို ရှာဖွေစဉ်းစားပေးမည်ဖြစ်ပါသည်။ သို့သော်လည်း သေချာမည်ဟု အာမ မခံပါ။
- စက်ရုံပိုင်ရှင်များ၊ မန်နေဂျာများအနေဖြင့် ငွေသားအား လက်ခံရယူခြင်း (သို့) လွှဲပေးခြင်း အတွက် တာဝန်ရှိမည် မဟုတ်ပါ။ ငွေသား အားလုံးသည် အလုပ်သမားများထံသို့ Wave Money ငွေပေးချေမှုစနစ်မှ တဆင့် တိုက်ရိုက်ပေးဆောင်သွားမည်ဖြစ်ပါသည်။
- မြန်ကူဝန်ထမ်းများအနေဖြင့် အလုပ်ခန့်အပ်ထားခြင်း အခြေအနေကို စစ်ဆေးရန် အလုပ်သမားများ၊ MoLIP နှင့် စက်ရုံမန်နေဂျာများ နှင့် နောက်ဆက်တွဲလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ တပတ်လျှင် အနည်းဆုံး နာရီ ၃၀ခန့် အလုပ်လုပ်ရန် ခန့်ထားသည့်အလုပ်သမားများ သည် လုပ်ငန်းပြန်လည်စတင်သည့် ၁လ အတွင်း အကျိုးခံစားခွင့်များအား ရုပ်သိမ်းမည်ဖြစ်ပါသည်။
- အကျိုးခံစားခွင့်များ သည် ကုန်ဆုံးပြီးသည့်လများအတွက်အကျိုးသက်ရောက်မှု ရှိမည်မဟုတ်ပါ။ ဥပမာအားဖြင့်၊ အလုပ်သမားများအနေဖြင့်

  မြန်ကူရန်ပုံငွေကို မေလတွင် လျှောက်ထားပါက မေလအတွက်သာလျှင် အကျုံးဝင်မည်ဖြစ်ပြီး၊ ဇွန်လ နှင့် ဇူလိုင်လများအတွင်း ထပ်မံ ထောက်ပံ့မှုများ ရရှိကောင်း ရရှိနိုင်ပါသည်။ မတ်လနှင့် ဧပြီလ များအတွက် အဆိုပါကာလအတွင်း အလုပ်လက်မဲ့ဖြစ်သည့် အထောက်အထားများ ရှိသော်လည်း ၎င်းတို့သည် အကျိုးခံစားခွင့်အတွက် သတ်မှတ်ချက်နှင့် ပြည့်မီမည်မဟုတ်ပါ။

- အလုပ်သမားတစ်ဦးလျှင် အများဆုံး လစဉ်အကျိုးခံစားခွင့်သည် ၁၂၅,၀၀၀ ကျပ်ဖြစ်ပြီး၊ လုပ်ခလစာ လျော်ကြေးငွေမရရှိပဲ တရားမဝင် အလုပ်မှ ထုတ်ပယ်ခံရသည့် အလုပ်သမားများ ရရှိနိုင်ပါသည်။
- အလုပ်သမားတစ်ဦးအတွက် အများဆုံး စုစုပေါင်းအကျိုးခံစားခွင့်သည် ၂၇၅,၀၀၀ ကျပ်ဖြစ်ပြီး၊ ၃လတာ ကာလအတွင်း စီမံလုပ်ဆောင် ရမည်ဖြစ်ပါသည်။
- အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ငွေထုတ်ပေးခြင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကျေနပ်မှုမရှိခြင်း (သို့) တိုင်ကြားလိုပါက၊ မြန်ကူ main hotline နံပါတ် ၀၉-၇၅၀၂၀၈၈၈၇ သို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

**၂။ ပံ့ပိုးငွေပေးအပ်ခြင်းသတ်မှတ်ချက်တွင် အကျုံးမဝင်သည့် အလုပ်သမားများ**

- အခြားသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ နိုင်ငံတကာ ဝယ်ယူသူများ၊ မြန်မာနိုင်ငံအစိုးရ (သို့) အခြားသော အရင်းအမြစ်များ မှ အခြားသော ငွေကြေးခံစားခွင့် ရရှိသည်ဟု သိရှိရသည့် အလုပ်သမားများသည် မြန်ကူ မှ အကျိုးခံစားခွင့်များအား ရရှိခြင်းကို လျှော့ချခြင်း (သို့) ဖယ်ထုတ်လိုက်ခြင်းမျိုး ရှိပါမည်။
- မြန်ကူသို့ တင်ပြသည့် အထောက်အထားများ မှားယွင်းသည်ဟု သိရှိရလျှင်၊ ထုတ်ပယ်မှုကို ချက်ချင်းလုပ်ဆောင်မည်ဖြစ်ပါသည်။
- တစ်ပတ်လျှင် နာရီ ၃၀ထက်ပို၍သော်လည်းကောင်း၊ တစ်ပတ်ထက်ပို၍လည်းကောင်း အလုပ်လုပ်ရခြင်း (သို့) တစ်လလျှင် လစာငွေ ၁၀၀,၀၀၀ ကျပ် ထက်ပို၍ ရရှိနေသည့် အလုပ်သမားများသည် အလုပ်လုပ်ကိုင်သည့် တစ်လအတွင်း အကျိုးခံစားခွင့် မှ ဖယ်ရှားခံရမည် ဖြစ်ပါသည်။
- MIA (သို့) MGMA ၏ အသင်းဝင်ထားသည့်စက်ရုံများမှ မဟုတ်သည့် မည်သည့်အလုပ်သမားကိုမဆို ၂၀၂၀ခုနှစ် မေလအတွင်း ပထမအကြိမ် ကူညီထောက်ပံ့မှုမှ ထုတ်ပယ်မည်ဖြစ်ပါသည်။ MIA အသင်းဝင်များအတွက် ဖိနပ် နှင့် လက်ကိုင်အိတ်၊ကျောပိုးအိတ် စက်ရုံ များသာလျှင် သတ်မှတ်ချက်နှင့် ကိုက်ညီပါသည်။ အဆိုပါအချက်အား မေလ ငွေထုတ်ပေးမှုများအတွင်း ပြန်လည်သုံးသပ်ပြီးမှသာ ညှိနှိုင်းပြင်ဆင်မည် ဖြစ်ပါသည်။
- ယေဘုယျအားဖြင့်၊ ပထမဆုံး တရားဝင်အလုပ်ခန့်အပ်ပြီးနောက်ပိုင်းတွင် အလုပ်လက်မဲ့ဖြစ်ခြင်း (သို့) လုပ်ခလစာ လုံလောက်စွာ မရရှိသည့် အလုပ်သမားများသာလျှင် မည်သည့်အကျိုးခံစားခွင့်ကိုမဆို ကိုက်ညီပြည့်မီပါသည်။

**၃။ လုပ်ခလစာမရရှိပဲ ဆိုင်းငံ့ထားသည့် အလုပ်သမားများအတွက်**

- လုပ်ခလစာမရရှိပဲ ဆိုင်းငံ့ထားသည့်အလုပ်သမားများသည် တစ်လလျှင် မြန်မာငွေ ၇၅,၀၀၀ ကျပ်အား အများဆုံး ၃လအထိ ခံစားခွင့်ရရှိရန် ကိုက်ညီပြည့်မီပါသည်။

**၄။ တရားဝင်လုပ်ထုံးလုပ်နည်းများအရ လုပ်ခလစာ၊ လျော်ကြေးငွေရရှိ၍ အလုပ်မှထုတ်ပယ်ခံရသည့် အလုပ်သမားများအတွက်**

- ၃၁.၃.၂၀၂၀ ရက်မှစ၍ လုပ်ခလစာ လျော်ကြေးငွေ ၃၅၀,၀၀၀ ကျပ် (သို့) ထို့ထက်နည်းပါး၍ ရရှိပြီး အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် ၎င်းတို့လျော်ကြေးလစာရရှိသည့်ရက်မှ နောက်ရက် ၃၀ နောက်ပိုင်းတွင် တစ်လလျှင် မြန်မာငွေ ၇၅,၀၀၀ ကျပ် အား အများဆုံး ၃လအထိ ခံစားခွင့်ရရှိရန် ကိုက်ညီပြည့်မီပါသည်။

**၅။ လုပ်ခလစာ၊ လျော်ကြေးငွေမရရှိပဲ အလုပ်မှထုတ်ပယ်ခံရသည့် အလုပ်သမားများအတွက်**

- လုပ်ခလစာ လျော်ကြေးငွေ မရရှိပဲ အလုပ်မှထုတ်ပယ်ခံရသည့် အလုပ်သမားများသည် ကနဦး ပေးငွေ ၁၂၅,၀၀၀ ကျပ် အပါအဝင် တစ်လလျှင် မြန်မာငွေ ၇၅,၀၀၀ ကျပ်အား အများဆုံး အပိုဆောင်း ၂လ အထိ ခံစားခွင့်ရရှိရန် ကိုက်ညီပြည့်မီပါသည်။
- မြန်မာနိုင်ငံ၏ အလုပ်ထုတ်ပယ်ခြင်း၊ အလုပ်ဆိုင်းငံ့ခြင်းဆိုင်ရာ စည်းမျဉ်းများအား လိုက်နာခြင်းမရှိဘဲ အလုပ်သမားများအား ထုတ်ပယ်ခြင်း၊ ဆိုင်းငံ့ထားခြင်း ပြုလုပ်သည်ဟု ယူဆသည့် စက်ရုံများ၏ အချက်အလက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ တင်ပြသွားမည် ဖြစ်ပါသည်။

**၆။ လုပ်ခလစာပေး၍ ဆိုင်းငံ့ခံရသည့် အလုပ်သမားများနှင့် လက်ရှိအလုပ်သမားများအတွက် ကိုက်ညီသော အကျိုးခံစားခွင့်နှင့် စပ်လျဉ်း၍**

- စက်ရုံမှ ၎င်းတို့၏ အလုပ်သမားများအတွက် အခမဲ့ in-kind အကျိုးခံစားခွင့်များ ပံ့ပိုးပေးထားသည့် အလုပ်သမားများသည် ၁၀၀% ရာခိုင်နှုန်း ကိုက်ညီသော မိုဘိုင်းငွေကြေးထောက်ပံ့မှုအတွက် ကိုက်ညီပြည့်မီပါသည်။ ဤနေရာတွင် နေစရာ နေရာထိုင်ခင်း နှင့် အစားအစာ သာလျှင် in-kind အကျိုးခံစားခွင့်များ အနေဖြင့် အကျုံးဝင်ပါသည်။ ကုမ္ပဏီမှပေးသည့် အိမ်ယာတွင် အခမဲ့ နေရာထိုင်ခင်း ရရှိသည့် အလုပ်သမားများသည် မိုဘိုင်းငွေကြေးထောက်ပံ့မှု ၃၅,၀၀၀ ကျပ်အတွက် ကိုက်ညီပြည့်မီပါသည်။ အစားအသောက်များ၏ တန်ဖိုးအား မြန်ကူ၏ဝန်ထမ်း နှင့်၎င်းနှင့်သက်ဆိုင်သည့် အရပ်ဖက်အဖွဲ့အစည်းများမှ ဆုံးဖြတ်မည်ဖြစ်ပါသည်။
- လုပ်ခလစာဖြင့် ဆိုင်းငံ့ခံရခြင်း (သို့) တစ်ပတ်လျှင် နာရီ ၃၀ အောက် အလုပ်လုပ်ကိုင်ရခြင်း (သို့) မျှော်မှန်းထားသည့် လစဉ်ကြေး မြန်မာငွေ ၁၀၀,၀၀၀ ကျပ် အောက် ရရှိသည့် အလုပ်သမားများသည် မြန်ကူ မှ ဖြည့်စွက် ကူညီထောက်ပံ့မှုရရှိရန် ကိုက်ညီပြည့်မီပါသည်။
- စက်ရုံများမှ အလုပ်သမားများသို့ ထောက်ပံ့ပေးသည့် ငွေသား၏ ၅၀% နှင့် ကိုက်ညီမှုရှိစေရန် မြန်ကူမှ အလုပ်သမားတစ်ဦးလျှင် အများဆုံး မြန်မာငွေ ၅၀,၀၀၀ ကျပ် ရရှိရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ (ဥပမာ၊ စက်ရုံမှ အလုပ်သမားတစ်ဦးအတွက် မြန်မာငွေ ၇၀,၀၀၀ ကျပ် ထောက်ပံ့ပေးလျှင် မြန်ကူမှ မြန်မာငွေ ၃၅,၀၀၀ ကျပ်ကို အလုပ်သမားအား ထောက်ပံ့ပေးမည် ဖြစ်ပါသည် )။
- ပူးပေါင်းပါဝင်သော စက်ရုံများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိသည့် လုပ်ခလစာမှတ်တမ်းများ ဖော်ပြရမည် ဖြစ်ပြီး အလုပ်သမားများအား ဖြည့်စွက်အကျိုးခံစားခွင့်များရရှိရန်အတွက် မှတ်တမ်းများ တိကျမှန်ကန်မှုကို ၎င်းတို့၏အလုပ်သမားများနှင့် အတည်ပြု မေးမြန်းခြင်းကို ပြုလုပ်မည်ဖြစ်သည်။
- ကိုက်ညီသော အကျိုးခံစားခွင့်များအတွက်၊ စက်ရုံများသည် ၎င်းတို့၏ လုပ်ခလစာအနိမ့်ဆုံးရရှိသည့် အလုပ်သမားများကို ပထမဦးဆုံး စာရင်းပေးသွင်းရပါမည်။ ကိုက်ညီသောအကျိုးခံစားခွင့် အစီအစဉ်အတွက် ကုမ္ပဏီတစ်ခုလျှင် အများဆုံး အလုပ်သမား ၅၀၀ ဦးခန့် စာရင်းပေးသွင်းနိုင်ပါသည်။
- ကုမ္ပဏီများအနေဖြင့် ကိုက်ညီသောအကျိုးခံစားခွင့် အစီအစဉ်တွင် ပါဝင်နိုင်ရန် ၎င်းတို့၏ အလုပ်သမားများအား တစ်ဦးလျှင် မြန်မာငွေ ၃၀,၀၀၀ ကျပ် ငွေသား အနည်းဆုံး နှင့် (သို့မဟုတ်) in-kind အကျိုးခံစားခွင့် တို့ကို ပေးရမည်။

## ၇။ ဆုံးဖြတ်ရန် (သို့) အထောက်အထားတင်ပြရန် ခက်ခဲသော အခြေအနေရှိသည့် အလုပ်သမားများအတွက်

- အထောက်အထား တစ်စုံတစ်ခု (သို့) အဝတ်အထည်စက်ရုံမှ အလုပ်လက်မဲ့ဖြစ်သည့် အလုပ်သမားဟူ၍ အခိုင်အမာဖော်ပြနိုင် သည့် အလုပ်သမားများသည် တစ်လလျှင် မြန်မာငွေ ၇၅,၀၀၀ ကျပ်အား အများဆုံး ၃လ အထိ ရရှိရန် ကိုက်ညီပြည့်မီပါသည်။ ကိုက်ညီပြည့်မီမှု ရှိ၊မရှိ သည် မြန်ကူ ဝန်ထမ်းများ၏ ဆုံးဖြတ်ချက်ဖြစ်ပါသည်။

## ၈။ အချက်အလက်များ စီမံခန့်ခွဲမှု

- အကျိုးခံစားခွင့်ရှိသူများ၏ အချက်အလက်များအား မြန်ကူမှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် အခြားသော မြန်မာအစိုးရ အာဏာပိုင်များထံသို့ တင်ပြမည်ဖြစ်ပါသည်။
- မြန်ကူ မှ အကျိုးခံစားခွင့်ရှိသူများ၏ အချက်အလက်များအား ရောင်းချခြင်း လုံးဝမပြုလုပ်ပါ။
- အလုပ်သမား၏ အလုပ်လက်မဲ့ အခြေအနေကို အတည်ပြုနိုင်ရန် အလုပ်သမားများ၏ အချက်အလက်များအား စက်ရုံများသို့ တင်ပြသွားမည်ဖြစ်ပါသည်။
- အထက်တွင် ဖော်ပြထားသည့်အချက်များမှ အပ အရေးကြီးသော လျှို့ဝှက်အချက်အလက်များဖြစ်သည့် အလုပ်သမား၏ မှတ်ပုံတင် နံပါတ် နှင့် လူမှုဖူလုံရေး နံပါတ်များ၊ အလုပ်သမား၏ လူမျိုး၊ အသားအရောင် နှင့် မွေးဖွားရာ ဇာတိ တို့ကို အခြားသော ပြင်ပ အဖွဲ့အစည်းများနှင့် မျှဝေ တင်ပြခြင်းမျိုး ပြုလုပ်မည် မဟုတ်ပါ။
- အလုပ်သမား၏ အမည်၊ ရာထူး နှင့် အလုပ်လုပ်ကိုင်သည့်စက်ရုံတို့ ပါဝင်သည့် အချက်အလက်များအား အလုပ်သမား၏ နှုတ်ခွင့်ပြုချက်ဖြင့် မြင်သာသော ဆက်သွယ်ဆောင်ရွက်မှုများတွင် အသုံးပြုမည် ဖြစ်ပါသည်။

## ၉။ သတ်မှတ်ချက် စံနှုန်းများအား ပြောင်းလဲ ပြင်ဆင်ခြင်း

- ဤအဆိုပါ သတ်မှတ်ချက်များအား UNOPS မြန်မာရုံး နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ တို့မှ ရေးသားထားသော အတည်ပြုချက်ဖြင့် အချိန်မရွေး ပြောင်းလဲပြင်ဆင်နိုင်ပါသည်။

| အမျိုးအစား | | အကျိုးခံစားခွင့် ပမာဏ |
| --- | --- | --- |
| ကဏ္ဍ ၁ | လုပ်ခလစာ မရရှိပဲ ဆိုင်းငံ့ထားခြင်း | မေ၊ဇွန်၊ဇူလိုင် (၃)လအတွင်း မြန်မာငွေ ၇၅,၀၀၀ကျပ် အကျိုးခံစားခွင့် |
| | တရားဝင် အလုပ်မှ ထုတ်ပယ်ခြင်း | (၃)လအထိ မြန်မာငွေ ၇၅,၀၀၀ ကျပ် အကျိုးခံစားခွင့်ရှိပြီး လစာလျော်ကြေးငွေ ရရှိပြီး နောက် ၁လအကြာမှသာ သက်ရောက်မှုရှိမည်။ အကျိုးခံစားခွင့်သည် ဇူလိုင်လ ၃၁ရက်နေ့အထိသာ ရရှိနိုင်မည်ဖြစ်သည်။ |
| | မရှင်းလင်းသော (သို့) အတည်မပြုနိုင်သော အခြေအနေ | မေ၊ဇွန်၊ဇူလိုင် (၃)လအတွင်း မြန်မာငွေ ၇၅,၀၀၀ကျပ် အကျိုးခံစားခွင် |
| ကဏ္ဍ ၂ | တရားမဝင် အလုပ်မှ ထုတ်ပယ်ခြင်း | ပထမအကြိမ် ငွေပမာဏသည် မြန်မာငွေ ၁၂၅,၀၀၀ ကျပ်ဖြစ်၍ အပိုထပ်ဆောင်း ၂လအတွက် ၇၅,၀၀၀ ကျပ် အကျိုးခံစားခွင့် |
| ကဏ္ဍ ၃ | လုပ်ခလစာဖြင့် ဆိုင်းငံ့ထားခြင်း | စက်ရုံတစ်ရုံတွင် အများဆုံး အလုပ်သမား ၅၀၀ အတွက် ထောက်ပံ့ပေးထားသည့်တန်ဖိုး၏ ၅၀% နှင့် ညီမျှသော ပံ့ပိုးငွေ |
| | လုပ်ခလစာမရရှိပဲ ဆိုင်းငံ့ထားသော်လည်း အခြား အကျိုးခံစားခွင့် ရရှိခြင်း။ (ဥပမာ - ဝန်ထမ်းအိမ်ယာ) | စက်ရုံမှ အခမဲ့ပံ့ပိုးပေးသည့် အိမ်ယာနှင့်အစားအစာ အကျိုးခံစားခွင့်များသည် မြန်ကူမှ သတ်မှတ်ထားသည့် တန်ဖိုး၏ ၁၀၀% ကိုက်ညီပါသည်။ |
| | လုပ်ခလစာဖြင့် ဆက်လက် အလုပ်လုပ်ကိုင်နေခြင်း | အကယ်၍ အလုပ်သမားများသည် တစ်ပတ်လျှင် နာရီ ၃၀ထက်နည်း၍ အလုပ်လုပ်လျှင် (သို့) တစ်လလျှင် ကျပ် ၁၀၀,၀၀၀ အောက်သာရရှိလျှင် ၎င်းတို့သည်လည်း လစာဖြင့်ဆိုင်းငံ့ထားသော ခံစားခွင့်များနှင့် အတူ ကိုက်ညီပါသည်။ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

စာအမှတ်၊၂၀ /အလ/ခွဲ(၂)၂၀၂၀( ၅၂၈၄ )

ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်

သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)

အကြောင်းအရာ။ **စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်မည့် ရက်တိုးမြှင့်ခြင်းအား အကြောင်းကြားခြင်း**

ရည်ညွှန်းချက်။ (၁) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၁၉-၄-၂၀၂၀ ရက်စွဲပါ အသိပေးထုတ်ပြန်ကြေညာချက်

(၂) Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ၂၃-၄-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၃၉၂/၂၆၄/COVID-19/ကော်မတီ(၂၀၂၀)

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ၁၉-၄-၂၀၂၀ ရက်နေ့တွင် ဝန်ကြီးဌာနက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများလိုက်နာဆောင်ရွက်ရန်အသိပေးကြေညာချက်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၌ လိုက်နာဆောင်ရွက်ရမည့်အချက်များ အား ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းအဖွဲ့များမှ ဦးဆောင်၍ သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ၁၅-၅-၂၀၂၀ ရက်နေ့ထိ တိုးမြှင့်စစ်ဆေးမှုများပြုလုပ်မည်ဖြစ်ပါသည်။

၃။ ထို့သို့ စစ်ဆေးနိုင်ရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံသတ်မှတ်ချက်နှင့်ညီညွတ်မှုရှိပါက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန သို့မဟုတ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ ဆောလျင်စွာ အကြောင်းကြားရမည်ဖြစ်ပြီး တိုးမြှင့်စစ်ဆေးမည့် အထက်ပါသတ်မှတ်ကာလအတွင်း အကြောင်း ကြားမှုမရှိခြင်း၊ စစ်ဆေးခံနိုင်မှုမရှိခြင်း စစ်ဆေးတွေ့ရှိရပါက လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုး ခံစားခွင့်များအား ခံစားခွင့်ရရှိမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

၄။ လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်များကို အောက်ပါအတိုင်း ဆက်လက်ခံစား ခွင့်ပြုမည်ဖြစ်ပါသည်-

(က) စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပြီးနောက် ဖွင့်လှစ်ခွင့်ရရှိသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် ဖွင့်လှစ်ခွင့်ပြုခဲ့သည့်ရက်နေ့အထိလည်းကောင်း၊

(ခ) စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပြီးနောက် ဖွင့်လှစ်ခွင့်မရရှိဘဲ ပြင်ဆင်ပြီးမှ ပြန်လည်ဖွင့် လှစ်ရမည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် စစ်ဆေးပြီးစီးသည့်ရက်မှ နောက်အများဆုံး (၅)ရက်နေ့ ထိလည်းကောင်း၊

၅။ သို့ဖြစ်ပါ၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေနှင့် သတ်မှတ်ကာလအတွင်း စစ်ဆေးရန် အကြောင်းကြားမှုမရှိခြင်း၊ စစ်ဆေးခံနိုင်ခြင်းမရှိပါက လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် များ ခံစားရရှိမည်မဟုတ်ကြောင်းနှင့် အမြန်ဆုံးစစ်ဆေးခံနိုင်ရေး၊ လုပ်ငန်းများပုံမှန်လည်ပတ်နိုင်ရေး အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသို့ ထပ်ဆင့်အသိပေးအကြောင်းကြားပေးပါရန် မေတ္တာရပ် ခံအပ်ပါသည်။

၂၀၊ ၄၊ ၂၀၂၀

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(မျိုးအောင် ၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ (-----------------------------)

ရုံးလက်ခံ/မျှောစာတွဲ

| NEW MEMBERS IN APRIL 2020 | |
|---|---|
| Number of New Factories in April 2020 | |
| **Country** | **No. of Factories** |
| China | 10 |
| Hong Kong | 5 |
| **TOTAL** | **15** |

| MEMBERSHIP UPDATE AS OF 2020-04-30 | | |
|---|---|---|
| **Status** | **Country** | **No. of Factories** |
| Active CMP | Myanmar | 90 |
| | Chinese | 290 |
| | Korea | 67 |
| | Japan | 21 |
| | Others | 35 |
| **TOTAL (Active) CMP** | | **403** |

## Membership Data Update (APRIL)

| | **Investment Type** | **No. of Factories** |
|---|---|---|
| CMP | Foreign Company | 530 |
| | Myanmar Company | |
| | JV | |
| Others | | 78 |
| **Total** | | **608** |